Two Cats Publication
မောင်မျိုး
စီစဉ်သည်

www.burmeseclassic.com

BURMESE CLASSIC .com

# if

min khaike soe san

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကိုနှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။


စာမူခွင့်ပြုချက်အမှတ်
၅၀၁၉၄၄၁၂၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၂၆၂၀၆၁၁

ထုတ်ဝေသူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း
ပထမအကြိမ် ၂၀၁၁ ခုနှစ်
အုပ်ရေ ၅၀၀၊ တန်ဖိုး ၁၀၀ ကျပ်

အကယ်၍သာ/မင်းခိုက်စိုးစန်။ –ရန်ကုန်၊ ၈၉၅.၈၃
ကြောင်နှစ်ကောင်စာပေ၊ ၂၀၁၁။
၁၃၅–စာ ၊ ၁၈.၅ X ၁၃.၅ စင်တီ။အကယ်၍သာ၂

www.burmeseclassic.com



မင်းခိုက်စိုးစန်

# အကယ်၍သာ (၁၄)

www.burmeseclassic.com

www.burmeseclassic.com


အကယ်၍သာ . . .

သင်ဟာ အလုပ်တစ်ခုတည်းကိုသာ ရွေးချယ်လုပ်ကိုင်ခွင့် ရမယ်ဆိုပါစို့ . . . ။

သင် တကယ်စိတ်ပါမြတ်နိုးတဲ့ အလုပ်တစ်ခုရယ် . . . ၊

နာမည်ကောင်းရမယ့် အလုပ်တစ်ခုရယ် . . . ၊

အဲဒီနှစ်ခုထဲက တစ်ခုခုကို ရွေးပါဆိုရင် ဘယ်အရာကို သင်ရွေးချယ်မလဲ။

●


www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ဟာ နာမည်တွေနဲ့ပတ်သက်လာရင် သိပ်ကို အရေး တကြီး လုပ်တတ်ကြတဲ့သတ္တဝါတွေပါ။

ကျွန်တော်တို့ လူ့ပတ်ဝန်းကျင်ဟာ ကောင်းခြင်း၊ ဆိုးခြင်း၊ မြင့် မြတ်ခြင်း၊ နိမ့်ကျခြင်း၊ ချမ်းသာခြင်း၊ ဆင်းရဲခြင်းဆိုတဲ့ အမည် သတ် မှတ်ချက်တွေကို အလေးအနက်ထားကြတယ်မဟုတ်လား။

ဆိုးယုတ်ခြင်းဆိုတဲ့ ခေါင်းစဉ်အောက်မှာဆိုရင် ဘယ်သူမှ မနေ ထိုင်ချင်ကြပါဘူး။ နာမည်ဆိုးတစ်ခု တံဆိပ်ကပ်ခံလိုက်ရပြီဆိုရင် ဘဝ ဟာ ခေါင်းမထောင်နိုင်လောက်အောင် နာကျင်ကြရတယ်လေ။

ကျွန်တော် အခု ပုံပြင်လေးတစ်ပုဒ် ပြောပြချင်ပါတယ်။

●





လောကကြီး စတင်ဖြစ်ပေါ်စဉ်ကာလကပေါ့။

ကမ္ဘာမြေနဲ့ လူသားတွေကို ဖန်တီးခဲ့တဲ့ ဗိသုကာကြီးဟာ လူ့ လောကအတွက်လိုတဲ့ ဆန့်ကျင်ဘက် အရည်အချင်းတစ်စုံစီကို ပေး အပ်ဖို့ ဆုံးဖြတ်လိုက်တယ်။

ဒါကြောင့် သူဟာ ပထမ နတ်သားတစ်ပါးကိုခေါ်ပြီး လှပခြင်း၊ ယဉ်ကျေးခြင်း၊ မြင့်မြတ်ခြင်း . . . စတဲ့ ကောင်းခြင်းတရား အရည် အချင်းအားလုံးကို သူ့တစ်ယောက်တည်းမှာ ထည့်သွင်းပေးလိုက်တယ်။

ပြီးတော့. . . အဲဒီနတ်သားရဲ့နာမည်ကို "အမှန်တရား" လို့ နာမည်ပေးပြီး ကမ္ဘာမြေဆီသွားဖို့ စေလွှတ်လိုက်တော့တယ်။

●



www.burmeseclassic.com

www.burmeseclassic.com

သူက ဒါနဲ့တင် မကျေနပ်သေးပါဘူး။

ဒုတိယနတ်သားတစ်ပါးကို ထပ်ပြီး ဆင့်ခေါ်လိုက်တယ်။ ပြီးတော့ . . . ရုပ်ဆိုးခြင်း၊ ရိုင်းစိုင်းခြင်း၊ ကောက်ကျစ်ခြင်း စတဲ့ ဆိုးခြင်းတရား အရည်အချင်းတွေအားလုံးကို ထည့်သွင်းပေးလိုက်တယ်။

ပြီးတော့. . . အဲဒီနတ်သားရဲ့နာမည်ကို "အမှားအယွင်း" လို့ နာမည်ပေးပြီး ကမ္ဘာမြေဆီကို စေလွှတ်လိုက်ပြန်တယ်။

●

လမ်းခရီးမှာ အဲဒီနတ်သားနှစ်ပါးဟာ ဆုံမိကြသတဲ့။ တစ်ယောက်နဲ့တစ်ယောက် အကျိုးအကြောင်းမေးမြန်းရင်း လာရတဲ့ အကြောင်းရင်းနဲ့ တာဝန်တွေကို ပြောဆိုမိကြတယ်။

အဲဒီလိုပြောရင်းက သူတို့ချင်း စိတ်တူကိုယ်တူဖြစ်သွားတဲ့ အကြောင်းအရာတစ်ခု ပေါ်လာတယ်။

အဲဒါကတော့ သူတို့ရဲ့ "နာမည်"တွေအကြောင်းပါပဲ။

●

နတ်သားနှစ်ပါးစလုံးဟာ သူတို့ရဲ့နာမည်တွေကို သူတို့ မကြိုက်ကြဘူး။

အမှန်တရားနတ်သားက "အမှားအယွင်း" ဆိုတဲ့နာမည်ကို သဘောကျနေတယ်။ အမှားအယွင်းနတ်သားကတော့ "အမှန်တရား"





ဆိုတဲ့ နာမည်လေးက လှတယ်လို့ထင်နေပြန်ရော။ ဒါနဲ့ သူတို့ချင်း သဘောတူ ညှိနှိုင်းပြီး နာမည်ချင်းလဲလှယ်လိုက်ကြပါသတဲ့။

●

ပြဿနာက အဲဒါပါပဲ။

"အမှန်တရား"ဆိုတဲ့ နတ်သားတစ်ပါး လူ့ပြည်ကိုရောက်လာပြီး သူ့ရဲ့အရည်အချင်းတွေကို ဖြန့်ဖြူးသွားတယ်။

ပြီးတော့ . . .

"အမှားအယွင်း" ဆိုတဲ့ နာမည်နဲ့နတ်သား ရောက်လာပြီး သူ့ အရည်အချင်းတွေကို ဖြန့်ဖြူးသွားပြန်တယ်။

ဒါပေမယ့်. . . နာမည်နဲ့ အရည်အချင်းတွေဟာ လွဲမှားနေကြတယ်။ လှပခြင်းဆိုတဲ့ခေါင်းစဉ်ဟာ တကယ်တမ်းမှာတော့ အရုပ်ဆိုးခြင်းဖြစ်နေတယ်။ ကောက်ကျစ်ခြင်းဆိုတဲ့အရာဟာ တကယ်တော့ ဖြောင့်မှန်နေပြန်လေရော။

●



www.burmeseclassic.com

www.burmeseclassic.com


ဘာတွေဖြစ်ကုန်ကြပြီလဲ။

အဲဒီပုံပြင်လေးအတိုင်းသာ တကယ်ဖြစ်ခဲ့ရိုးမှန်ရင်. . . ။

ကျွန်တော်တို့ဟာ လူတွေကို သူတို့ရဲ့တံဆိပ်ကပ်ခံထားရတဲ့အတိုင်း မြင်ရမှာလား။

ဒါမှမဟုတ်. . . တကယ့်အတွင်းသားအနှစ်ကို ပြန်ဆန်းစစ်ဘို့လိုပြီလား။

ကျွန်တော်တို့ သေသေချာချာ စဉ်းစားရတော့မယ်ထင်ပါတယ်။


■



# အကယ်၍သာ ၁၅


www.burmeseclassic.com

www.burmeseclassic.com



# အကယ်၍သာ - ၁၅

မင်းခိုက်စိုးဝင်

www.burmeseclassic.com

www.burmeseclassic.com

အကယ်၍သာ . . .

သင်ဟာ တစ်စုံတစ်ယောက်ရဲ့ ချီးမွမ်းခြင်းကိုခံရချင်တယ် ဆိုပါ စို့။

သူ့ရဲ့အကြိုက်ကို လိုက်လုပ်မှာလား။

ကိုယ်လုပ်တတ်တာ ကိုယ်လုပ်ချင်တာကိုပဲ လုပ်မှာလား။

ဒါမှမဟုတ် . . .

သူတစ်ပါးရဲ့ ချီးမွမ်းခြင်းကိုခံရဘို့ထက် အရှိကို အရှိအတိုင်းပဲ နေထိုင်ခြင်းက ပိုအရေးကြီးတယ်လို့ ထင်ပါသလား။

●





တစ်ခါတုန်းက ကိုရင်လေးတစ်ပါးဟာ သူ့ဆရာဘုန်းတော်ကြီးကို ခြေဆုပ်လက်နယ်ပြုရင်း ဆရာတော်ရဲ့ကျောင်းမှာပဲ နေထိုင်ပြီး ပညာသင်ယူပါသတဲ့။

ကိုရင်လေးဟာ သိပ်ပြီး ဉာဏ်ကောင်းလှတဲ့သူတော့ မဟုတ်ဘူး။ သူဟာ သူ့ဆရာဘုန်းတော်ကြီးကိုတော့ သိပ်ပြီး အားကျကြည်ညိုတယ်။

သူ့ရဲ့ဆရာ သိမြင်နားလည်တဲ့တရားမျိုးကိုလည်း သူ အင်မတန်မှ သိချင်လှသတဲ့။

တစ်နေကုန် ဖတ်လိုက်ရတဲ့ကျမ်းစာတွေကလည်း အမြောက်အများပါပဲ။ ဒါပေမယ့် သူ့အသိဉာဏ်ကတော့ လင်းပွင့်မလာပါဘူး။

သူဟာ ထူးခြားတဲ့ဉာဏ်အလင်းရအောင် ဘယ်လိုလုပ်ရပါ့မလဲလို့ အမြဲစဉ်းစားနေတယ်။ သူ့ဆရာကိုလည်း မမေးရဲဘူး။



www.burmeseclassic.com

www.burmeseclassic.com

ဒါ. . . နဲ့. . .

ဘုန်းကြီးကျောင်းနောက်ဖက်မှာ တဲငယ်လေးနဲ့ တစ်ယောက်တည်းနေနေတဲ့ ကပ္ပိယအဘိုးအိုကြီးကို သွားပြီး မေးလေ့ရှိတယ်။

အဘိုးအိုကတော့ ကွမ်းလေးတမြုံ့မြုံ့ဝါးရင်း ပြုံးရှုံပြုံးလို့နေသတဲ့။ နောက်ပြီး. . . အဘိုးအိုက ဘာပြောလေ့ရှိသလဲဆိုတော့. . .

"ထားလိုက်ပါကွယ်. . . ထားလိုက်ပါ"

ကိုရင်လေးက အဲဒီအဖြေကို လုံးဝမကျေနပ်ဘူး။ ဘာအဓိပ္ပါယ်လဲဆိုတာ နားမလည်လို့ပေါ့။

●

တစ်နေ့မှာတော့ ကိုရင်လေးရဲ့ဆရာ ဘုန်းတော်ကြီးဟာ ခရီးသွားဖို့ ကိစ္စတစ်ခုပေါ်လာတယ်။ မြို့ပေါ်ကို သုံးလေးရက်ကြာအောင်သွားရမယ်ပေါ့။

သွားခါနီးမှာ ကိုရင်လေးကို သေသေချာချာမှာတယ်။ သူမရှိတဲ့အတောအတွင်းမှာ ကျောင်းကို ဂရုတစိုက်စောင့်ရှောက်ထားဘို့ပါ။

ကိုရင်လေးကလည်း . . .

"တင်ပါ့ဘုရား. . . တပည့်တော် ဂရုစိုက်ပါမယ်။ အရှင်ဘုရား စိတ်ချလက်ချကြွတော်မူပါ"

ဒါနဲ့ပဲ. . . ဘုန်းတော်ကြီးဟာ ခရီးထွက်သွားတယ်။ ခရီးထွက်ပြီး သုံးရက်လောက်ကြာတော့ မြို့ကလူကြုံနဲ့ ကိုရင်လေးဆီကို သတင်းစကား ပါးလိုက်သတဲ့။





မနက်ဖြန်ကျရင် ဘုန်းတော်ကြီး ပြန်ကြွလာမယ်ဆိုတဲ့ အကြောင်းကိုပေါ့။

ဒါနဲ့ ကိုရင်လေးဟာ ကပ္ပိယကြီးကို ပြေးပြီးတော့ ပြောတယ်။

"ဒကာကြီး. . . ဒကာကြီး. . . မနက်ဖြန် ဆရာတော်ပြန်ကြွလာတော့မယ်. . . တဲ့"

ကပ္ပိယအဘိုးအိုကတော့ ခေါင်းကိုပဲ တဆတ်ဆတ်ညိတ်နေတယ်။ ကိုရင်လေးက တစ်ခုခုကို အလေးအနက်စဉ်းစားနေပြီးတော့မှ . . .

"ဆရာတော်ကြီးရဲ့ကျောင်းကို ကျုပ် ဂရုတစိုက်စောင့်ရှောက်ထားတယ်ဆိုတာ ဆရာတော်ကြီးသိအောင် ဘယ်လိုလုပ်ရင်ကောင်းမလဲ"

ကိုရင်လေးရဲ့မေးခွန်းကို အဘိုးအိုက ပြန်မပြောဘဲ ပြုံးရှုံပြုံးပြလိုက်သတဲ့။

ကိုရင်လေးကတော့ စိတ်တိုသွားတယ်။ ဘာအကြံဉာဏ်မှ ပေးဖော်မရတဲ့ ဒီအဘိုးကြီးနဲ့ စကားဆက်ပြောနေလို့ အပိုပဲလို့တွေးမိပြီး တစ်ယောက်တည်း ကျောင်းဝင်းထဲကိုလျှောက်လာခဲ့တယ်။

ဘုန်းကြီးကျောင်းဝင်းကလည်း အကျယ်ကြီး။ သရက်ပင်၊ မန်ကျည်းပင်၊ ကုက္ကိုပင်တွေကလည်း ပေါပါဘိသနဲ့။ ကျောင်းဝင်းမြေကွက်လပ်တစ်ခုလုံးမှာ ကြွေကျထားတဲ့ သစ်ရွက်တွေဟာ ပြန့်ကျဲနေတယ်။

"ဟာ. . . ဟုတ်ပြီ"

ကြွေကျနေတဲ့သစ်ရွက်တွေကိုကြည့်ပြီး ကိုရင်လေးဟာ စိတ်ကူးတစ်ခု ရသွားတယ်။


www.burmeseclassic.com

www.burmeseclassic.com

ဒါနဲ့ သူဟာ တံမြက်စည်းတစ်ချောင်းကိုရှာပြီး ကျောင်းဝင်းတစ်ခုလုံးမှာရှိတဲ့ သစ်ရွက်ကြွေတွေကို လှဲကျင်းပါတော့တယ်။

ကျောင်းဝင်းကြီးက ကျယ်လွန်းတော့လည်း လှဲကျင်းလို့တောင် မနိုင်ချင်ဘူး။ သစ်ရွက်တွေက အများကြီးကိုး. . .။

ဒါပေမဲ့. . . ကိုရင်လေးဟာ စိတ်မပျက်ပါဘူး။ သူ့ဆရာပြန်လာတဲ့အခါကျရင် ကျောင်းဝင်းကြီးတစ်ခုလုံး ရှင်းသန့်နေတာမြင်ရရင် သူ့ကို သေချာပေါက် ချီးကျူးမှာပဲလို့ ယုံကြည်ထားတာကိုး။

တစ်နေ့လုံး ဖတ်ဖတ်မောနေအောင် တံမြက်စည်းလှဲပြီး ညနေစောင်းမှပဲ ဝင်းခြံတစ်ခုလုံး ရှင်းသွားတော့တယ်။ ကိုရင်လေးဟာ သူ လှဲကျင်းထားတဲ့ သစ်ရွက်ခြောက်တွေကို ခြံထောင့်တစ်နေရာမှာ စုပုံထားလိုက်တယ်။

အဲဒီနောက်. . . သူဟာ အဘိုးအိုနေထိုင်တဲ့ တဲကလေးဆီကို သွားပြီး . . .

"ဒကာကြီး. . . ကျုပ်လုပ်ထားတာတွေ လိုက်ကြည့်ပါဦး"

အဘိုးအိုဟာ တဲငယ်လေးထဲကနေထွက်လာပြီး ကိုရင်နဲ့အတူ ကျောင်းဝင်းတစ်ခုလုံးကို လှည့်ပတ်ကြည့်တယ်။

ခါတိုင်း သစ်ရွက်ကြွေတွေ ပြန့်ကျဲနေကျမြေပြင်ဟာ အခုတော့ ပြောင်ရှင်းနေတာကို တွေ့ရတာပေါ့။ အဲဒါကိုပဲ ကိုရင်က ဂုဏ်ယူတဲ့ လေသံနဲ့ . . .

"ကိုင်း. . . ကြည့်စမ်းပါဦး၊ ကျုပ်လုပ်ထားတာ ဘာများလိုအပ် သေးလဲ. . . လို့"

အဘိုးအိုက ခေါင်းတဆတ်ဆတ်ညိတ်တယ်။ ပြီးတော့. . .





"လိုအပ်နေတာက တစ်ခုပဲရှိတယ်. . . ကိုရင်ရဲ့"

ပြောပြောဆိုဆိုနဲ့ အဘိုးအိုဟာ အနီးဆုံးသစ်ပင်တစ်ပင်ကို တင်းတင်းဆုပ်ကိုင်ပြီး အရွက်တွေကို ကြွေကျအောင် လှုပ်ခါချပစ်လိုက်တယ်။

မြေပြင်ပေါ်မှာ သစ်ရွက်ကြွေတွေ ပြန့်ကျဲသွားတယ်။

အဲဒီတော့မှ အဘိုးအိုက စကားတစ်ခွန်းပြောတယ်။

"အရှိကို အရှိအတိုင်းပဲထားတာ အကောင်းဆုံးပဲ၊ တမင်သက်သက်အတွက်တော့ ဘာကိုမှ အတင်းကြီးလုပ်ယူမနေနဲ့. . . ကိုရင်၊ လုပ်သမျှ ဒုက္ခချည်းပဲ"


အဲဒီစကားအဆုံးမှာ ကိုရင်ရဲ့အသိဉာဏ်ဟာ လိုချင်စွဲလမ်းတပ်မက်မှုတွေကနေ လွတ်မြောက်သွားပါတော့တယ်။

■



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

အကယ်၍သာ . . .

သင်ဟာ သူတစ်ပါးကို ကူညီရသူဖြစ်ပေမယ့် တခြားသူတွေက သင့်ရဲ့ ဖြူစင်တဲ့စိတ်ဓာတ်ကို အမြတ်ထုတ်ပြီး သင့်ကို ဒုက္ခပေးဖို့ ကြိုးစားလာမယ်ဆိုပါစို့။

သင် ဘယ်လိုတုံ့ပြန်မလဲ?

●





တစ်ခါတုန်းက ရွာတစ်ရွာမှာ စိတ်ထားဖြူစင်ပြီး သူတစ်ပါးကို ကူညီချင်တဲ့ လူတစ်ယောက်ရှိပါတယ်။

ဒါပေမယ့် ခက်တာက သူက လူတွေအပေါ် ကောင်းသလောက် တခြားသူတွေက သူ့ကို အမြတ်ထုတ်နေကြတာချည်းပဲ။

ဒီကြားထဲ အလိုက်ကမ်းဆိုးမသိတတ်တဲ့ လူတွေက ရှိသေးတယ်။ တစ်နေ့မှာ သူ့ရဲ့မိတ်ဆွေဟောင်းတစ်ယောက်က ပိုက်ဆံလာချေးတယ်။

အဲဒီမိတ်ဆွေဟောင်းဆိုတာကလည်း သူ့ဆီက ဟိုပစ္စည်းငှားလိုက်၊ ပြန်မပေးဘဲ အမေ့ခံထားလိုက်၊ ဒီပစ္စည်းငှားလိုက်၊ အစဖျောက်ပစ်လိုက်နဲ့ ငှားရလွန်းအားကြီးလို့ "အငှားရဆုံးတစ်ဆယ်" စာရင်းမှာ အဲဒီလူရဲ့နာမည်ကို ထိပ်ဆုံးကထားရမတတ်ပါဘဲ။

အခုလည်း အဲဒီလူက သူ့ကို တွေ့တွေ့ချင်းမှာ . . .



www.burmeseclassic.com

www.burmeseclassic.com

"ဟာ. . . ဟော့ကောင်ကြီး အတော်ပဲကွာ၊ ဒီနေ့ညနေ ငါ့ရည်းစားနဲ့ ချိန်းထားလို့ ပိုက်ဆံငါးထောင်လောက် ချေးစမ်းပါ။ အရေးကြီးတယ်ကွ"

အဲဒီလူရဲ့စကားကြောင့် သူ အားနာသွားတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့လက်ထဲမှာ ပိုက်ဆံ လုံလုံလောက်လောက်မရှိဘူးလေ။

ဒါကြောင့် သူက . . .

"ဆောရီးပဲ သူငယ်ချင်းရာ၊ မနက်က ငါ့ဦးလေးတစ်ယောက် နေမကောင်းလို့ ဆေးဘိုးလာတောင်းတာနဲ့ ပေးလိုက်ပြီ"

သူ့စကားကြောင့် သူငယ်ချင်းဖြစ်သူက မကျေမနပ်ဖြစ်သွားပြီးတော့ . . .

"ဟော့ကောင်. . . မပေးချင်ရင်လည်း ရှင်းရှင်းပဲပြောကွာ၊ ဟိုကွေ့ဒီပတ်လုပ်မနေနဲ့၊ ငါလည်း မင်းဆီက အောက်ကျခံပြီး တောင်းချင်တာမဟုတ်ဘူး၊ ရှင်းလား"

"မဟုတ်ဘူး၊ တကယ်ပါ၊ ငါ့ဦးလေးက အတင်း မရမကပြောနေတာနဲ့ . . ."

"တော်စမ်းပါကွာ၊ မင်းဆွေမျိုးကိုတော့ မင်းသိတတ်တယ်ပေါ့ ဟုတ်လား. . . ရတယ်ဟော့ကောင်၊ မင်းဆီကမရလည်း ငါက လုံးဝ ဂရုမစိုက်ဘူး"

စိတ်ဆိုးမာန်ဆိုးနဲ့ပြောပြီး ထွက်သွားတယ်။

လူတွေဟာ ဒီလိုပါပဲ။ ကိုယ့်ဖက်က အခါတစ်ရာမက ကူညီခဲ့တာကိုမေ့ပစ်ပြီး တစ်ခါကူညီဘို့ ပျက်ကွက်တာကို စိတ်ဆိုးကြတယ်။

အဲဒီလိုဖြစ်ရတာတွေ တစ်ခါမက နှစ်ခါမက အကြိမ်ကြိမ်ဖြစ်





လာတော့ သူဟာ လူတွေကို စိတ်ကုန်လာတယ်။

ဒါနဲ့ သူဟာ တရားအားထုတ်ဖို့ဆုံးဖြတ်ပြီး ရဟန်းဝတ်လိုက်တယ်။

●

ရဟန်းအဖြစ်နဲ့ပဲ သူဟာ သူ့ဆရာဖြစ်သူ ဘုန်းတော်ကြီးနဲ့အတူ ခရီးတစ်ခုကို အတူသွားကြတယ်။

စမ်းချောင်းတစ်ခုအနီးကိုရောက်လို့ ခေတ္တခဏ အပန်းဖြေကြဘို့ဆိုပြီး အနားယူကြတဲ့အခိုက်မှာ သူဟာ တစ်စုံတစ်ခုကို သတိပြုလိုက်မိတယ်။

ကင်းမြီးကောက်တစ်ကောင် ရေထဲမှာနစ်နေတာကိုပဲ။

သူ့ဆရာဘုန်းတော်ကြီးကလည်း တွေ့မြင်လိုက်တယ်။ အဲဒါနဲ့ ဘုန်းတော်ကြီးဟာ လက်ကို ရေထဲမှာနှစ်ပြီး ကင်းမြီးကောက်ကို ဆယ်လိုက်တယ်။

အဲဒီမှာ. . . ကင်းမြီးကောက်ဟာ သူ့ရဲ့အဆိပ်ဆူးနဲ့ ဘုန်းတော်ကြီးရဲ့လက်ကို ထိုးလိုက်သတဲ့။

ဘုန်းတော်ကြီးဟာ အတော်နာကျင်သွားတယ်။ ဒါပေမယ့် ဘာမှမပြောပါဘူး။ ကင်းမြီးကောက်ကို မြက်ခင်းပေါ် အသာအယာပဲ ချပေးလိုက်တယ်။

ဒီလိုနဲ့. . . ဆက်ပြီး ခရီးထွက်ခဲ့ကြပြန်ရော. . . ။

●



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ခါ အနားယူတဲ့နေရာကျပြန်တော့လည်း ရေထဲမှာ နစ်နေတဲ့ ကင်းမြီးကောက်တစ်ကောင်ကို ထပ်တွေ့ပြန်ရော။

အဲဒီအခါမှာလည်း ဘုန်းတော်ကြီးဟာ အဲဒီအကောင်ကို ရေထဲ က ထပ်ဆယ်ပေးပြန်တယ်။

ကင်းမြီးကောက်ကလည်း ထပ်ပြီး အဆိပ်ဆူးနဲ့ ထိုးပြန်တယ်။

အဲဒါကိုမြင်ရတော့ သူက ဘုန်းတော်ကြီးကို လျှောက်တယ်။

"အရှင်ဘုရား. . . စောစောကလည်း ကင်းမြီးကောက်တစ်ကောင် ကို ဆယ်မိလို့ အဆိပ်ဆူးနဲ့ အထိုးခံရပြီးပြီ။ အခုတစ်ကောင် ကို ဘာလို့ ထပ်ပြီး ကယ်ရတာလဲဘုရား။ ကိုယ်ပဲ ဒုက္ခရောက်တော့ မှာပေါ့"

ဘုန်းတော်ကြီးကတော့ ခပ်အေးအေးပဲ ပြန်ဖြေတယ်။

"ကင်းမြီးကောက်ဆိုတဲ့သတ္တဝါရဲ့ သဘာဝကိုက အဆိပ်ဆူးနဲ့ ထိုးတဲ့အမျိုးပဲ။ သူ့သဘာဝကို သူလုပ်တာ။ ကယ်တာက ငါ့သဘာဝကို ငါလုပ်တာပဲ"

■

# အကယ်၍သာ ၁၇





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



အကယ်၍သာ . . .

သင်ဟာ ချစ်သူတစ်ယောက်ကို ရမယ်ဆိုပါစို့။ ဒါမှမဟုတ် သင် ဟာ အချစ်ခံရသူတစ်ယောက်ရဲ့ဘဝကို ရမယ်ဆိုပါစို့။

"အချစ်" ဆိုတဲ့အရာကို သင် ဘယ်လိုသဘောထားမှာလဲ။

"ပေးဆပ်ခြင်း" လို့ သဘောထားမှာလား။

"ရယူခြင်း" လို့ သဘောထားမှာလား။

●



ကျွန်တော် ပုံပြင်တိုတိုလေးတစ်ခု ပြောပြချင်ပါတယ်။

တစ်ခါတုန်းကပေါ့. . .။

သူဌေးကြီးသုံးယောက်ဟာ စကားပြောရင်း အတူတကွ လမ်းလျှောက်လာကြတယ်။

အဲဒီလို သူတို့လမ်းလျှောက်နေတုန်း နံဘေးကနေ မြင်းလေးကောင်ကတဲ့ ရွှေရောင်မြင်းရထားကြီးတစ်စင်း ဖြတ်သွားတယ်။

မြင်းရထားပေါ်မှာ စီးနင်းသွားသူကတော့ သက်တော်ရှည်နန်းရင်းဝန်ကြီးပေါ့။

နန်းရင်းဝန်ကြီးဟာ မြင်းရထားပေါ်မှာ ထိုင်နေရာကနေ သူဌေးကြီးသုံးယောက်ဘက်လှည့်ပြီး လက်ကိုဝှေ့ယမ်းပြလို့ နှုတ်ဆက်သွားတယ်။

အဲဒီအခါ ပထမသူဌေးကြီးက . . .



www.burmeseclassic.com

www.burmeseclassic.com


"နန်းရင်းဝန်ကြီးက ကျုပ်ကို နှုတ်ဆက်သွားတာဗျ" လို့ ပြောလိုက်တယ်။

ဒုတိယသူဌေးကြီးကလည်း ဂုဏ်ယူဝံ့ကြွားတဲ့အသံနဲ့ . . .

"မဟုတ်တာဗျာ၊ နန်းရင်းဝန်ကြီးက ကျုပ်ကိုသာ နှုတ်ဆက်တာပါဗျ"

တတိယသူဌေးကြီးကတော့ ဘာမှဝင်မပြောဘူး။ ခေါင်းတညိတ်ညိတ်လုပ်နေတယ်။ ပြီးတော့မှ . . .

"ဘာဖြစ်လို့ နန်းရင်းဝန်ကြီးက ခင်ဗျားတို့ကို နှုတ်ဆက်တယ်လို့ ထင်ရတာလဲ" လို့ မေးလိုက်တယ်။

ပထမသူဌေးကြီးက . . .

"နန်းရင်းဝန်ကြီးက ကျုပ်ဆီကနေ ငွေအသပြာတစ်ထောင်တိတိ ချေးယူထားတယ်ဗျ။ အဲဒီတော့ သူ့ရဲ့ကြွေးရှင်ဖြစ်တဲ့ ကျုပ်ကို မျက်နှာချိုသွေးတဲ့အနေနဲ့ နှုတ်ဆက်တာပေါ့ဗျ"

ဒုတိယသူဌေးကြီးကတော့ . . .

"ကျုပ်က နန်းရင်းဝန်ကြီးဆီ ငွေအသပြာတစ်ထောင် ချေးယူထားဖူးတယ်ဗျ။ အဲဒီတော့ နန်းရင်းဝန်ကြီးက သူ့ပိုက်ဆံပြန်မဆပ်မှာစိုးလို့ ကျုပ်ကို မျက်နှာချိုသွေးပြီး နှုတ်ဆက်တာပေါ့ဗျာ"

အဲဒီစကားနှစ်ခွန်းကြောင့် တတိယသူဌေးကြီးဟာ ပြုံးရယ်ပြီး ခေါင်းကိုခါ ယမ်းလိုက်တယ်။ ပြီးတော့ . . .

"ကျုပ်ကတော့ နန်းရင်းဝန်ကြီးဆီက ရစရာအကြွေးလည်း မရှိဘူး၊ ပေးစရာအကြွေးလည်း မရှိဘူး။ အဲဒီတော့ လွတ်လွတ်လပ်လပ်သန့်သန့်စင်စင် နှုတ်ဆက်စရာရှိရင် ကျုပ်ကိုပဲ နှုတ်ဆက်တာ ဖြစ်နိုင်တာပေါ့ဗျာ"

●



www.burmeseclassic.com

www.burmeseclassic.com


အချစ်ဆိုတာလည်း အဲဒီလိုပဲ ဖြစ်မယ်ထင်ပါတယ်။

ရယူတာလည်း မကောင်းပါဘူး။

ပေးဆပ်တာလည်း မကောင်းပါဘူး။

ကြွေးမြီ ကင်းပြီး လွတ်လပ်သန့်စင်တဲ့အချစ်ပဲ ကောင်းပါတယ်။

■



## အကယ်၍သာ ၁၈


www.burmeseclassic.com

www.burmeseclassic.com



ပိုးခိုက်စိုးဝင်

**အလယ်ကျွန်း-၁၈**

www.burmeseclassic.com

www.burmeseclassic.com


အကယ်၍သာ . . .

သင်ဟာ. . . ပညာကိုရှာဖွေနေတဲ့ လူတစ်ယောက်ဖြစ်တယ်ဆိုပါစို့။

ပညာဟာ ဘယ်မှာရှိတယ်လို့ သင် ယူဆပါသလဲ။

ဆရာသခင်တွေရဲ့ ဟောပြောချက်တွေထဲမှာလား။

ပညာရှိကြီးတွေ ရေးသားသွားတဲ့ ကျမ်းစာပေစာတွေထဲမှာလား။

သင်အလိုရှိတဲ့ပညာကို ဘယ်နေရာမှာ သွားရှာဖွေဖို့ ဆုံးဖြတ်ထားပါသလဲ။

●



တရုတ်ပြည် ဟွမ်မင်းဆက်တုန်းက ပေါ်ပေါက်ခဲ့တဲ့ ပုံပြင်တစ်ပုဒ်ကို ပြောပြချင်ပါတယ်။

ဟွမ်နယ်စားကြီးဟာ ပညာရှိတွေကို ရိုသေလေးစားတဲ့ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်ပါတယ်။ သူကိုယ်တိုင်လည်း ပညာကို အပတ်တကုပ်လေ့လာဆည်းပူးတတ်သူပါပဲ။

သူဟာ အချိန်ရှိသရွေ့ ရှေးပညာရှိကြီးတွေရေးသားခဲ့တဲ့ ပေစာပုရပိုဒ်တွေကို ဖတ်မှတ်လေ့လာနေတတ်ပါတယ်။ တချို့ ကျမ်းတွေဆိုရင် အလွတ် အာဂုံဆောင်နိုင်တဲ့အထိ ကျွမ်းကျင်ပါသတဲ့။

တစ်နေ့တော့ သူဟာ ရာသီဥတုသာယာတာနဲ့ သူ့ရဲ့ စံနန်းတော်ထဲကနေ အပြင်ကိုထွက်ပြီး လမ်းလျှောက်တယ်။ လက်က မချစတမ်း ကိုင်နေတဲ့ ကျမ်းစာတစ်အုပ်လည်း ပါတာပေါ့။

သွားရင်းလာရင်းနဲ့ အရိပ်ကောင်းတဲ့သစ်ပင်တစ်ပင်အောက်


www.burmeseclassic.com

www.burmeseclassic.com

ကို ရောက်တော့ ထိုင်ပြီး စိတ်အေးလက်အေးနဲ့ သူယူလာတဲ့ကျမ်းစာကို ဖတ်ရှုလေ့လာပါသတဲ့။

အတော်ကြာတော့. . . မျက်စိညောင်းလာတာနဲ့ ဟိုဟိုဒီဒီ မျက်စိကစားလိုက်တဲ့အခါ မလှမ်းမကမ်းမှာ ပန်းပဲဖိုတစ်ခုကို လှမ်းမြင်ရတယ်။

အဲဒီပန်းပဲဖိုဟာလည်း နယ်စားကြီးဟွမ်အတွက် မြင်းလှည်းဘီးတွေ၊ ရထားဝန်ရိုးတွေ၊ မြင်းသံခွာတွေလုပ်ပေးရတဲ့ နန်းသုံးပန်းပဲဖိုပါပဲ။

အဲဒီက . . . ပန်းပဲဆရာကြီးကတော့ ဖီယင်လို့ခေါ်တဲ့ အဘိုးအိုကြီးတစ်ယောက်ပါ။ ဖီယင်ဟာ မြင်းရထားအတွက် လှည်းဘီးခွေတဲ့နေရာမှာ နာမည်ကြီးပဲ။

တစ်နိုင်ငံလုံးမှာ သူ့လောက်တော်တဲ့ လှည်းဘီးခွေသူတစ်ယောက်မှ မရှိဘူး. . . တဲ့။ ဒါကြောင့်လည်း သူဟာ နန်းသုံးပန်းပဲဆရာကြီးဖြစ်နေတာပေါ့။ အခုတော့ သူဟာ အသက်(၇၀)ကျော်လောက်တောင်ရှိနေပါပြီ။

ဟွမ်က လှမ်းကြည့်လိုက်တဲ့အချိန်မှာ ပန်းပဲဆရာကြီး ဖီယင်ဟာ အိုကြီးအိုမနဲ့ လှည်းဘီးပုံတောင်းတစ်ခုကို ထွင်းနေပါတယ်။

ဒါနဲ့. . . ဟွမ်ဟာ ပန်းပဲဆရာကြီးကို လှမ်းခေါ်ခိုင်းလိုက်တယ်။ ပန်းပဲဆရာကြီးရောက်လာတော့ ဟွမ်က . . .

"ပန်းပဲဆရာကြီး. . . သင်ဟာ အိုလည်းအိုမင်းလှပြီ။ စာပေများလည်း ဖတ်ရှုလေ့လာစမ်းပါဦးတော့လား။ ဒါမှ ပညာဉာဏ်ရှိလာပေမပေါ့။ ငါ့ကိုကြည့်စမ်း. . . စာအုပ်နဲ့ မျက်နှာခွာတယ်လို့ကို မရှိဘူး။ ပညာရှိရေးခဲ့တဲ့စာပေတွေကို အမြဲဖတ်ရှုနေတာ မောင်မင်းတွေ့တယ် မဟုတ်လား"

"အရှင်မင်းကြီးဖတ်နေတဲ့ ကျမ်းစာတွေကို ရေးခဲ့တဲ့ပညာရှိတွေဟာ အခု အသက်ရှင်နေဆဲလား။ သေကုန်ကြပြီလား. . . အရှင်"

"ဘယ့်နှယ်ပြောလိုက်တာလဲ. . . ပန်းပဲဆရာကြီး။ သူတို့တွေအားလုံး သေကုန်ကြပြီပေါ့ကွဲ့"

"ဒီလိုဆိုရင် အရှင်မင်းကြီးဟာ လူသေကောင်တွေထားပစ်ခဲ့တဲ့ အမှိုက်သရိုက်တွေကို ထိုင်ကြည့်ရင်း အချိန်ကုန်နေတာပဲဖြစ်ပါလိမ့်မယ်ဘုရား"

ပန်းပဲဆရာကြီးရဲ့ လျှောက်တင်သံကို ကြားလိုက်ရတော့ ဟွမ်ဟာ အရမ်းစိတ်ဆိုးသွားပြီး . . .

"မောင်မင်းစကားကို ငါကိုယ်တော်မြတ် ကျေနပ်လောက်အောင် ရှင်းနိုင်ရင်ရှင်း၊ မရှင်းနိုင်ရင် ရာဇဝတ်သင့်ဘို့သာပြင်ပေတော့"

အဲဒီတော့ ပန်းပဲဆရာကြီး ဖီယင်က . . .

"ဒီလိုပါ. . . အရှင်မင်းကြီး၊ အခု ကျွန်တော်မျိုး လှည်းပုံတောင်းတစ်ခုကို ထွင်းနေပါတယ်။ အဲဒီလိုထွင်းတဲ့အခါ ပုံတောင်းဟာ သိပ်ပြီး ချောမွတ်နေလို့ လည်းမရပါဘူး။ အရမ်းချောမွတ်နေရင် ဝန်ရိုးဟာ ချော်ထွက်နေတတ်ပါတယ်။

ပြီးတော့. . . ပုံတောင်းဟာ အရမ်းကြမ်းတမ်းနေလို့လည်း မရပါဘူး။ သိပ်ကြမ်းနေရင် ဝန်ရိုးဟာ စွပ်လို့မဝင်ဘဲ ဖြစ်တတ်ပါတယ်။

အဲဒီတော့ ချောလည်းမချော၊ ကြမ်းလည်းမကြမ်းတဲ့ အနေအထားလေးဖြစ်အောင် လုပ်ရပါတယ်"

"အဲဒီတော့ ဘာဖြစ်သလဲ မောင်မင်း"







www.burmeseclassic.com

www.burmeseclassic.com


"အဲဒီ. . . ချောလည်းမချော၊ ကြမ်းလည်းမကြမ်းတဲ့ သိမ်မွေ့တဲ့ အနေအထားလေးကိုသိတဲ့ ပညာဟာ ကျွန်တော်မျိုးရဲ့ရင်ထဲမှာတော့ ရှိပါတယ်။ ဒါပေမယ့်. . တခြားသူကို ကျွန်တော်မျိုးသိသလို သိအောင် လုပ်ပေးဖို့ မတတ်နိုင်ပါဘူး. . . ဘုရား"

"အင်း. . . "

"ကျွန်တော်မျိုးကြီးရဲ့သားကို လှည်းပုံတောင်းလုပ်တဲ့ပညာ သင် ပေးနေတာ ဆယ်နှစ်ရှိပါပြီဒါပေမယ့်ကျွန်တော်မျိုးကြီးရဲ့ရင်ထဲက အသိကို သူ့ရင်ထဲရောက်အောင် ထည့်မပေးနိုင်သေးပါဘူး အရှင်မင်းကြီး"

ဟွမ်က ခေါင်းတဆတ်ဆတ်ညိတ်တယ်။ ပန်းပဲဆရာကြီးက ဆက် ပြီး . . .

"ဒီလို လှည်းဘီးလုပ်တဲ့ကိစ္စမှာတောင် ပညာဆိုတာ အပြည့်အဝ တိုက်ရိုက်လက်လွှဲပေးလို့ မရနိုင်တာ။ လောကကြီးရဲ့ နက်နဲကျယ်ဝန်းတဲ့ အသိပညာတွေဟာ စာအုပ်ဖတ်ရုံနဲ့ တိုက်ရိုက်သိနိုင်ပ့ါမလား။ ပညာရှင်ကြီးတွေရဲ့ ရင်ထဲကအသိဟာ သူတို့သေတဲ့အခါ တစ်ပါတည်း ပါသွားကြပါပြီ။ စာရွက်ပေါ်မှာ ကျန်နေရစ်ခဲ့တာက ရင်ထဲကအသိ မဟုတ်တဲ့ စကားလုံးမင်ရာရေးခြစ်ရာတွေပဲ ဖြစ်ပါတယ်. . . ဘုရား" လို့ လျှောက်ထားလိုက်တယ်။

ပုံပြင်ကတော့. . . ဒါပါပဲ။

●




ပညာဆိုတာ ကိုယ့်ရင်ထဲက စစ်စစ်မှန်မှန်မြင်လိုက်ရတဲ့ အလင်း ဖြစ်ပါတယ်။

သင်ကော ဘယ်လိုထင်ပါသလဲ။

■


www.burmeseclassic.com

www.burmeseclassic.com



ဒဂုန်-ရွှေမျှား

www.burmeseclassic.com

www.burmeseclassic.com


အကယ်၍သာ . . .

သင်ဟာ နောက်ဘဝမှာ လူပဲပြန်ဖြစ်ခွင့်ရမယ်ဆိုပါစို့။

အလိုချင်ဆုံးဆန္ဒတစ်ခု ပြည့်ဝရစေမယ်။ ဘာဆုတောင်းမလဲ . . . လို့ တန်ခိုးရှင်တစ်ယောက်က မေးလာမယ်ဆိုရင် . . . သင် ဘာကို အလိုရှိပါသလဲ။



တစ်ခါတုန်းက နန်းတွင်းမှာ ချောင်ဖူးလို့ခေါ်တဲ့ ပညာရှိကြီး တစ်ယောက်ရှိတယ်။

တရုတ်ဧကရာဇ်ကလည်း ချောင်ဖူးကို အင်မတန်မှ အားကိုးပါ သတဲ့။ တကယ်လည်း အားကိုးအားထားပြုလောက်ပါတယ်။ ချောင်ဖူး ဟာ အသိပညာအရာမှာကော၊ သမာသမတ်ရှိတဲ့ စာရိတ္တမဏ္ဍိုင်အရာ မှာကော အပြစ်ဆိုစရာမရှိတဲ့ သူတော်ကောင်းတစ်ယောက်ဖြစ်တာကိုး။

သူဟာ . . . ဘုရင်ဖြစ်သူကို မမှားသင့်တာမမှားရအောင် ပံ့ပြင် ရင်း၊ ရှုပ်ထွေးတဲ့နိုင်ငံတာဝန်တွေကို ဖြေရှင်းရင်း တဖြည်းဖြည်း ဩဇာ တိက္ကမ ကြီးမားသူ ဖြစ်မှန်းမသိဖြစ်လာတယ်။

အဲဒီလို ချောင်ဖူးရဲ့ ဩဇာကြီးမားလာတာကို မသမာတဲ့လူတွေ က အနှောင့်အယှက်ပေးဖို့ ကြံစည်ကြသတဲ့။ အကျင့်စာရိတ္တမခိုင်မာတဲ့ မှူးမတ်အချို့ကလည်း ချောင်ဖူးကို မနာလိုကြဘူး။

ဒါနဲ့ . . . အဲဒီလူတွေက ပူးပေါင်းပြီး ချောင်ဖူးရဲ့အကျိုးစီးပွား


www.burmeseclassic.com

www.burmeseclassic.com

ပျက်စီးကြောင်းကို ကြံစည်ကြတယ်။ ချောင်ဖူးကို ဘုရင်ကြီးက အထင်လွဲအောင် ချောက်တွန်းကြတယ်။ ကုန်းချောကြတယ်။

သစ်ငုတ်တောင် တိုက်ပါများတော့ နဲ့သေးတာ။ နောက်ဆုံးမှာ ဘုရင်ကြီးဟာ ချောင်ဖူးအပေါ် သက်ာမကင်းဖြစ်လာပြီး ရာထူးက နှုတ်ပယ်လိုက်တယ်။ ပြီးတော့ နယ်နှင်ဒဏ်ပေးလိုက်ပါတယ်။

ဒီလိုနဲ့. . . ချောင်ဖူးဟာ နယ်စွန်ဖျားက ကျေးရွာလေးတစ်ရွာမှာ သွားရောက်နေထိုင်ပြီး အသက်မွေးရပါတယ်။

နန်းတော်ထဲမှာတော့ အခြေအနေဟာ လျော့တိလျော့ရဲဖြစ်လာတယ်။ ချောင်ဖူးအပေါ် မကောင်းကြံခဲ့တဲ့လူတွေပဲ ကြီးစိုးချယ်လှယ်နေကြတာပေါ့။

နောက်ဆုံး. . . ဘုရင်ကြီး နတ်ရွာစံသွားတဲ့အထိပါပဲ။ ဘုရင်ကြီးကွယ်လွန်တော့ သူ့ရဲ့သားဖြစ်သူ မင်းသားချူ နန်းတက်လာတယ်။ ချူဟာ သူနန်းတက်စမှာ ဖရိုဖရဲဖြစ်နေတဲ့ အခြေအနေကိုကြည့်ပြီး စိတ်ပျက်သွားတယ်။ ဒါနဲ့. . . အရင်တုန်းက ဒီလိုကိစ္စမျိုးတွေကို ဘယ်သူကိုင်တွယ်ဖြေရှင်းသလဲဆိုတာ စုံစမ်းကြည့်တော့ ရာထူးကထုတ်ပယ်ပြီး နယ်နှင်ခံရတဲ့ ချောင်ဖူးအမတ်ကြီးဖြစ်မှန်း သိလာတယ်။

ဒါကြောင့် မင်းသားချူဟာ ချောင်ဖူးကိုပြန်ခေါ်ဘို့ ဆုံးဖြတ်ပြီး ချောင်ဖူးနေထိုင်တဲ့ ရွာကလေးဆီကို ကိုယ်ရံတော်တပ်ဖွဲ့နဲ့အတူ လိုက်လာကြပါလေရော။

အဲဒီအချိန်မှာ ချောင်ဖူးဟာ ရွာထိပ်က ချောင်းငယ်ကလေးရဲ့ ကမ်းပါးစပ်မှာထိုင်ပြီး ငါးမျှားနေတယ်။

ဒါကိုတွေ့တော့. . . မင်းသားချူက . . .





"ချောင်ဖူး. . . သင့်ဘဝကို ငါ သနားလိုက်ပါဘိ"

"အရှင်မင်းသား. . . ကျွန်တော်မျိုးဘဝကို မသနားပါနဲ့၊ အရှင်မင်းသားလာရတဲ့ အကြောင်းကိုသာ အမိန့်ရှိတော်မူပါ"

အဲဒီအခါ မင်းသားချူက . . .

"ချောင်ဖူး. . . သင့်ဘဝကို ချမ်းသာအောင် ငါမစမယ်။ ငါနဲ့အတူ နန်းတော်ထဲကို ပြန်လိုက်ခဲ့ပြီး အမှုထမ်းပါလော့"

"အရှင်မင်းသား. . . အရှင့်နန်းတော်ထဲမှာ အနှစ်တစ်ထောင်သက်တမ်းရှိတဲ့ လိပ်ကြီးတစ်ကောင်ကို လျှုဖွယ်တန်းဖွယ်တွေနဲ့ ပူဇော်ပသထားတာ အရှင်မင်းသား သိမှာပေါ့"

မင်းသားက ခေါင်းညိတ်တယ်။

"အိမ်း. . . ဟုတ်တယ်လေ၊ အဲဒီလိပ်ကြီးကို ပူဇော်ရင် ဆုတောင်း ပြည့်တယ်ဆိုလို့ လိပ်ခွံကိုရွှေချပြီး ရွှေသားအစစ်ရေကန်ထဲထည့်လို့ ကိုးကွယ်ထားကြတယ်မဟုတ်လား"

"မှန်ပါတယ်. . . အရှင့်သား၊ လိပ်သတ္တဝါထဲမှာ ရွှေသားအစစ်အတိပြီးတဲ့လိပ်ဆိုလို့ အရှင့်သားနန်းတော်ထဲက လိပ်တစ်ကောင်သာ ထူးထူးခြားခြားရှိပါတယ်ဘုရား။

ဒါပေမယ့်. . အရှင့်သား စဉ်းစားကြည့်ပါ။ လိပ်တစ်ကောင်အဖို့ကတော့ ရွှေချခံထားရတာကို ပျော်မလား၊ ရွှံ့ရေထဲစိမ်နေရတာကို ပျော်မယ်ထင်ပါသလား"

ချောင်ဖူးရဲ့မေးခွန်းကြောင့် မင်းသားချူဟာ အလေးအနက်စဉ်း စားတယ်။ ပြီးတော့မှ . . .

"အင်း. . . လိပ်ကတော့ ရွှံ့ထဲမှာပဲပျော်ရှာမပေါ့။ ရွှေဟာ သူ့



www.burmeseclassic.com

www.burmeseclassic.com


အတွက် အနှောင်အဖွဲ့ပေပဲ"

"မှန်ပါတယ် . . . အရှင့်သား။ ကျွန်တော်မျိုးလည်း လိပ်ပါပဲ။ ရွေချမခံချင်ပါဘူး။ လွတ်လပ်စွာနေထိုင်ရှင်သန်ရတာကိုပဲ ပျော်ပါတယ်" လို့ ချောင်ဖူးက ပြန်ဖြေလိုက်တယ်။

ပုံပြင်ကတော့ ဒါပါပဲ။


■



# အကယ်ရှိသာ ၂၀


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

အကယ်၍ . . .

သင်ဟာ ဒုက္ခနဲ့ရင်ဆိုင်ရမယ်ဆိုပါစို့. . .။

ဒုက္ခဆိုတာ ဘယ်လိုဟာမျိုးလို့ သင်ထင်ပါသလဲ။ ဘယ်လိုကိစ္စမျိုးဟာ သင့်အတွက်ဒုက္ခလဲ။

●





တစ်ခါတုန်းကပေါ့. . .။

ပညာရှိကြီးဆယ်ယောက်လောက်ဟာ စုဝေးပြီး သူတို့တတ်ကျွမ်းတဲ့ပညာတွေအကြောင်း ဆွေးနွေးဖလှယ်ကြတယ်။

အဓိက နှီးနှောတိုင်ပင်ကြတဲ့ ပညာရပ်ကတော့ အဂ္ဂိရတ်ပညာပါပဲ။ သူတို့ဟာ အသီးသီး တတ်ကျွမ်းထားကြတဲ့ ရှုဒေါင့်ပေါင်းစုံကနေ ပေါင်းစပ်ညှိနှိုင်းပြီး အဂ္ဂိရတ်ထိုးရင် ရွှေဖြစ်တဲ့အထိ အောင်မြင်ရမယ်လို့ ယုံကြည်ကြသတဲ့။

ဒါနဲ့ သူတို့ဟာ ကွင်းစပ်တစ်ခုမှာ တဲကြီးတစ်လုံးထိုးကြတယ်။ အဂ္ဂိရတ်ထိုးဖို့ ဖားဖိုတွေ၊ လုံတွေကို ပြင်ဆင်ကြတယ်။ ပြီးတော့ သူတို့ ဖတ်မှတ်လေ့လာထားတဲ့ ကျမ်းစာတွေ၊ ပုရပိုဒ်တွေကို ဖတ်ရှုတိုင်ပင် ငြင်းခုံကြပြီး ပြဒါးတွေ ခဲတွေကို လုံထဲထည့် မီးဖိုတွေတရှဲရှဲနဲ့ အဂ္ဂိရတ်ထိုးကြတယ်။

ဒီပညာကလည်း လွယ်လွယ်ကူကူနဲ့တော့ ရွှေဖြစ်နိုင်တာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူးပေါ့။

အဲဒီတော့ မှားနေပြီထင်ရင် လုပ်နေကိုင်နေတာတွေကို ခဏ ရပ်ပြီး စာတွေပြန်ဖတ်လိုက်ကြ၊ ဆက်လုပ်ကြည့်လိုက်ကြနဲ့ပေါ့။

ဒီလိုနဲ့ နေ့ပေါင်းများစွာ ရက်ပေါင်းများစွာ သူတို့ ကြိုးစားခဲ့ကြတယ်။

တစ်နေ့ကျတော့ နေ့လည်ခင်း နေပူပြင်းတဲ့အချိန်မှာ သူတို့တွေဟာ လုပ်လက်စအလုပ်ကို ခဏနားပြီး စကားစမြည်ပြောရင်း ရေနွေးကြမ်းသောက်ရင်း အမောဖြေကြလေရဲ့။

အဲဒီလို စကားပြောနေရင်းက ပညာရှိကြီးတစ်ဦးဟာ တဲရဲ့ ပြတင်းပေါက်ကနေ အပြင်ဘက်ကို လှမ်းကြည့်လိုက်တယ်။

ဟိုး... အပြင်မှာ နေပူကျဲကျဲ ကွင်းပြင်ထဲမှာ ကုန်းတွေကမူတွေကို ပေါက်တူးနဲ့ပေါက်ပြီး မြေညှိနေတဲ့ အလုပ်သမားတစ်ယောက်ကို တွေ့လိုက်ရတယ်။

မွန်းတည့်ချိန် နေပူကြီးအောက်မှာ အလုပ်လုပ်ရတာဆိုတော့ မြေတူးသမားခမျာ ချွေးတွေသံတွေ ရွှဲလို့ပေါ့။

ဒါကြောင့်... ပညာရှိကြီးတစ်ယောက်က...

"ဟောဟိုက... မြေတူးသမားကို ကြည့်ကြပါဦး၊ သူ့ခမျာ ဒုက္ခကြီးလိုက်တာနော်၊ နေခြစ်ခြစ်တောက်ပူနေရတဲ့အောက်မှာ မြေတူးနေရတယ်လို့"

နောက်တစ်ယောက်ကလည်း ...

"ဟုတ်ပါ့ဗျာ... သူ့ခမျာ ပညာမတတ်ဘူးထင်ပါရဲ့"

"အဲဒီတော့ ကျုပ်တို့လို အမိုးအကာနဲ့ အရိပ်အောက်မှာ မနေရ



ရှာဘူးပေါ့"

"အင်း... ပညာမတတ်တဲ့သူတွေဆိုတော့ အလုပ်ကြမ်းပဲလုပ်ရပေတာပေါ့... ဒုက္ခ... ဒုက္ခ"

အဲဒီလို သူတို့အချင်းချင်း ပြောဆိုဆွေးနွေးလို့ပြီးချိန်လောက်မှာ မြေတူးနေတဲ့ အလုပ်ကြမ်းသမားဟာ အင်္ဂါရတ်ပညာရှင်ကြီးတွေရဲ့ တဲဆီကို လျှောက်လာတယ်။ ပြီးတော့...

"ဆရာတို့... ဆရာတို့... ကျွန်တော် ရေငတ်လို့ ရေတစ်ခွက်လောက် သောက်ပါရစေခင်ဗျာ" လို့ ခွင့်တောင်းတယ်။

"အေး... ဝင်ခဲ့... ဝင်ခဲ့... ကြိုက်သလောက်သောက်"

ခွင့်ပေးလိုက်တယ်ဆိုရင်ပဲ မြေတူးသမားဟာ တဲထဲကိုဝင်လာတယ်။ ရေတစ်ခွက်ခပ်သောက်တယ်။ ပြီးတော့ တဲကြီးတစ်ခုလုံးကို လှည့်ပတ်ကြည့်တယ်။ ပြီးတော့... မြေတူးသမားက ပညာရှင်ကြီးတွေကို စာနာသနားတဲ့အကြည့်နဲ့ ကြည့်လိုက်ပြီးတော့ ...

"ကျွတ်... ကျွတ်... ဆရာတို့လည်း ဒုက္ခကြီးလိုက်ကြတာဗျာ၊ ဒီလောက် နေကျဲကျဲတောက်ပူနေရတဲ့ကြားထဲ မီးဖိုကြီးတွေတရဲရဲနဲ့ ချွေးသံတရွှဲရွှဲ အလုပ်လုပ်နေကြရှာတယ်" လို့ ပြောလိုက်သတဲ့။

●

ဒါပါပဲ။

"ဒုက္ခ" ဆိုတာ ကိုယ်မြင်တဲ့ရှုထောင့်အပေါ် မူတည်ပါတယ်။

■



www.burmeseclassic.com

www.burmeseclassic.com



မင်းနိုက်စိုးစန်

# အာကာယ်ရှိသာ

(၂)

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍သာ . . .

သင့်အတွက် "အရာရာပြီးပြည့်စုံခြင်း" ဆိုတဲ့ အထုပ်တစ်ထုပ်နဲ့ "မပြည့်စုံခြင်း" ဆိုတဲ့ အထုပ်တစ်ထုပ်ကို တစ်စုံတစ်ယောက်က မွေးနေ့လက်ဆောင်အဖြစ် ပို့လိုက်တယ်ဆိုပါတော့။

ဘယ်လက်ဆောင်ကို သင် ရွေးချယ်လက်ခံမှာလဲ?

●



BURMESE CLASSIC .com

(၁)

"ချမ်း" လို့ အမည်ရတဲ့ နတ်ရုပ်လေးတစ်ယောက်အကြောင်းကို ကျွန်တော်ရေးသားခဲ့တဲ့ ကတ်သီးကတ်သတ်ပုံပြင်တွေထဲမှာ ဖော်ပြခဲ့ဖူးပါတယ်။ သူ့အကြောင်း ပြောပြစရာပုံပြင်တွေက အများကြီးပါ။

ချမ်းဟာ တန်ဖိုးဣဒ္ဓိပါဒ် နည်းနည်းလေးသာရှိတဲ့ နတ်ပေါက်စလေးတစ်ယောက်ပါ။ သူဟာ ပျော်ပျော်ရွှင်ရွှင်နေထိုင်တတ်ပြီး လူသားတွေကို နောက်ပြောင်တတ်တဲ့ ငတိလေးတစ်ကောင်လည်းဖြစ်သတဲ့။ တခြားနတ်တွေလို ကိုယ်ယောင်ကိုယ်ဝါတောက်တောက်ပပနဲ့ ပေမီဒေါက်မီ ထွားထွားကြိုင်းကြိုင်းလည်း မဟုတ်ဘူး။

သူဟာ တကယ့်ကို ပိန်ပိန်သေးသေး ပုပုညှက်ညှက်ကလေး. . တဲ့။

အခုပြောပြမယ့် ပုံပြင်ထဲမှာတော့ "ချမ်း" ဟာ လူသားတွေကို



www.burmeseclassic.com

www.burmeseclassic.com



တမင်နောက်ပြောင်ကျီစယ် ဒုက္ခပေးတာမဟုတ်ပါဘူး။

တကယ့်စေတနာကောင်းနဲ့ လူသားတွေ အကျိုးရှိရာရှိကြောင်းကို လုပ်ပေးရင်းက သူ့ထုံးစံအတိုင်း အလွဲလွဲအချော်ချော်ဖြစ်ရတာပါ။

ဖြစ်ရပုံက ဒီလို. . . ။

●

(၂)

ကောင်းကင်တိမ်တိုက်တွေကြားထဲကနေ လူသားတွေကို တစေ့တစောင်း အမြဲချောင်းချောင်းကြည့်နေတတ်တဲ့ "ဇု"နတ်မင်းကြီးဟာ တစ်နေ့ကျတော့ ခိုင်းစရာကိစ္စပေါ်လာတာနဲ့ နတ်ပိစိလေး "ချမ်း"ကို အခေါ်လွှတ်လိုက်သတဲ့။

နတ်တို့ရဲ့ဘုရင်ကြီးက ဆင့်ခေါ်တယ်ဆိုတော့ "ချမ်း"လည်း ခါ တိုင်းလို အပျင်းထူပြီး နေ့ရွှေ့ညရွှေ့ အချိန်ဆွဲနေလို့မရတော့ဘူးပေါ့။ ချက်ချင်းပဲ ဇုနတ်မင်းကြီးဆီ အခစားဝင်ပြီး. . .

"ကျွန်တော်မျိုးကို ဘာများခိုင်းစရာရှိလို့လဲ. . . အရှင်မင်းကြီး"

"ငါကိုယ်တော်မြတ်အနေနဲ့ ကမ္ဘာမြေပေါ်က လူသားတွေဆီကို လက်ဆောင်ပစ္စည်းနှစ်မျိုး ပို့ပေးချင်တယ်. . . မောင်မင်း"

ဇုနတ်မင်းကြီးက ပြောပြောဆိုဆိုနဲ့ သူအသင့်ပြင်ဆင်ထားတဲ့ အထုပ်နှစ်ထုပ်ကို လက်ညှိုးညွှန်ပြလိုက်တယ်။





www.burmeseclassic.com

www.burmeseclassic.com

ပထမအထုပ်ပေါ်မှာတော့ "သုခ. . . လက်ဆောင်" လို့ စာတမ်းထိုးထားပြီး ဒုတိယအထုပ်ပေါ်မှာတော့ "ဒုက္ခလက်ဆောင်" လို့ ရေးထားတယ်"

ဇုနတ်မင်းကြီးက . . .

"ကမ္ဘာမြေပေါ်က လူသားတွေအနက် တောင်ဘက်အရပ်မှာ နေထိုင်တဲ့သူတွေဟာ ငါ့ကို ကြည်ညိုကိုးကွယ်ကြတယ်။ ဒါကြောင့် သူတို့ကို "သုခ. . . လက်ဆောင်" ဆိုတဲ့ အထုပ်ထဲကဟာတွေ ဝေငှပေးလိုက်ပါ။

မြောက်ဘက်အရပ်မှာနေတဲ့ လူတွေကတော့ ငါ့ကို မခန့်လေးစားလုပ်ကြလို့ ငါကိုယ်တော်မြတ် အမြင်ကတ်တော်မူတယ်၊ ဒါကြောင့် ဒင်းတို့ကို "ဒုက္ခ. . . လက်ဆောင်" ဆိုတဲ့အထုပ်ထဲကဟာတွေ ဝေပေးလိုက်"

"အထုပ်ချင်းမမှားစေနဲ့နော်. . . ကြားလား။ မောင်မင်းက ပေါက် ကရတွေလုပ်တတ်လွန်းလို့ ခိုင်းသာခိုင်းရတယ်. . . ခပ်လန့်လန့်ပဲ"

ချမ်းကတော့ အပြတ်အသတ် အာမခံလိုက်တယ်။

"စိတ်ချပါ. . . အရှင်မင်းကြီး၊ တောင်ဘက်အရပ်ကလူတွေအတွက် "သုခ"၊ မြောက်ဘက်အရပ်ကလူတွေအတွက် "ဒုက္ခ"၊ မှတ်မိပါတယ်. . . မမှားစေရပါဘူး"

ဒီလိုနဲ့ ချမ်းဟာ အထုပ်နှစ်ထုပ်ကို ပုခုံးပေါ်မှာထမ်းပြီး လူ့လောကထဲကို ဆင်းသက်ခဲ့တော့တယ်။

ငပျင်းနတ်ကလေးဆိုတော့ ခရီးက ဘယ်လောက်ဝေးဝေးမှ





မသွားရသေးဘူး။ မောပန်းလာတော့တာပဲ။ ဒါနဲ့ သူဟာ သစ်ပင်တစ်ပင်ရဲ့အောက်မှာ ခြေပစ်လက်ပစ်ထိုင်ပြီး အနားယူလိုက်တယ်။

ပြီးတော့. . . နတ်ရှုပ်ကလေးပီပီ စပ်စုချင်စိတ်ပေါ်လာတာနဲ့ အထုပ်နှစ်ထုပ်ထဲမှာ ဘာတွေပါသလဲဆိုတာ တိတ်တိတ်လေးဖွင့်ကြည့်လိုက်တယ်။

"ဒုက္ခ. . . လက်ဆောင်" ဆိုတဲ့ အထုပ်ထဲမှာ "ပြီးပြည့်စုံခြင်း" တွေ ထည့်ထားတာကို တွေ့လိုက်ရပြီး "သုခ. . . လက်ဆောင်" အထုပ်ထဲမှာကျတော့ "မပြည့်စုံခြင်း" တွေကို တွေ့လိုက်ရလေရဲ့။

"ဟင်. . . ဒါက ဘယ်လိုဖြစ်ရတာလဲ"

ချမ်းက တအံ့တသြ ရေရွတ်လိုက်တယ်။ နားမလည်နိုင်အောင်လည်း ဖြစ်သွားတော့တာပေါ့။ ဘယ့်နှယ်. . . "သုခ" လို့လည်းဆိုသေးရဲ့၊ မပြည့်စုံခြင်းဖြစ်နေမှတော့ ဘယ်လိုလုပ်ပြီး သုခဖြစ်တော့မှာလဲ"

နောက်ပြီး အမြင်ကတ်လို့ ဒုက္ခပေးချင်တဲ့သူတွေကျတော့ "ပြီးပြည့်စုံခြင်း" တွေ ဝေငှရမတဲ့လား။

"ဧကန္တတော့. . . ဇုနတ်မင်းကြီးဟာ လက်ဆောင်ပေးချင်ဇောနဲ့ အထုပ်နှစ်ထုပ်ကို တံဆိပ်ချင်းမှားပြီး ကပ်လိုက်မိပြီထင်တယ်။ သိပ်ပြီး ပျာယာခတ်တဲ့ အရှင်နတ်မင်းကြီးပါလား"

ချမ်းဟာ ဇုနတ်မင်းကြီးကို စိတ်ထဲကနေ အပြစ်တင်လိုက်တယ်။ အင်း. . . ငါသာဖွင့်မကြည့်မိရင် အကုန်လုံး အမှားမှားအယွင်းယွင်းတွေ ဖြစ်ကုန်တော့မှာပါလား။ ကံကောင်းပေလို့သာပဲ. . . လို့ တွေးရင်း အထုပ်နှစ်ထုပ်ကို တံဆိပ်ချင်းလဲလှယ်ပြီး ကပ်လိုက်သတဲ့။

အဲဒီတော့ "ပြီးပြည့်စုံခြင်း" တွေ ထည့်ထားတဲ့အထုပ်က "သုခ



www.burmeseclassic.com

www.burmeseclassic.com


လက်ဆောင်" ဖြစ်သွားပြီး "မပြည့်စုံခြင်း" တွေထည့်ထားတဲ့အထုပ်က "ဒုက္ခ" ဖြစ်သွားတော့တာပေါ့။

●

အဲဒီလို အထုပ်နှစ်ထုပ်နဲ့ အလုပ်ရှုပ်နေတုန်း တရားရှာနေတဲ့ ယောဂီအမျိုးသမီးကြီးတစ်ဦးဟာ သစ်ပင်နားကိုရောက်လာတယ်။ ချမ်းကိုလည်းမြင်ရော သူ့စိတ်ထဲမှာ တကယ့်တန်ခိုးကြီးမားတဲ့ နတ်မင်းကြီးအောက်မေ့ပြီး ထိုင်ရှိခိုးပါလေရော (ချမ်းကတော့ ခပ်တည်တည်ပဲ မှိန်းပြီးနေလိုက်တယ်)

အမျိုးသမီးကြီးက . . .

"အရှင်နတ်မင်းကြီး. . . ဘာကိစ္စနဲ့များ ကြွလာရပါသလဲ. . . ဘုရား"

"အိမ်း. . . ငါဟာ လူသားတွေကို လက်ဆောင်ပေးဖို့ ကြွလာသကွဲ့ သမီးတော်ကြီးရဲ့။ ဟောဒီက သမီးတော်ကြီးကကော ဘာများအလိုရှိသတုန်း" ချမ်းက အတည်ပေါက်နဲ့ နတ်မင်းအိုကြီးတစ်ပါး အိုက်တင်လုပ်ပြီး ပြန်မေးလိုက်တယ်။ အမျိုးသမီးကြီးက . . .

"ကျွန်မကတော့ ငြိမ်းချမ်းမှုဓမ္မကိုပဲ လိုချင်ပါတယ်. . . နတ်မင်း"

အဲဒီတော့ ချမ်းခမျာ သူဉာဏ်မီသလောက် စဉ်းစားရတော့တယ်။ သုခတွေပေးလိုက်ရင်လည်း ဖိမ်ခံနေမယ်။ ဒုက္ခတွေပေးလိုက်ရင်လည်း ငြိမ်းချမ်းမှာမဟုတ်တော့ဘူး။ ဒါကြောင့် ချမ်းက . . .

"အိမ်း. . . ဒါဆိုရင်လည်း ဘာလက်ဆောင်မှမယူလေနဲ့ သမီးတော်ကြီး၊ ချမ်းသာခြင်းရော ဆင်းရဲခြင်းပါကင်းမှ တကယ့်ငြိမ်းချမ်းမှုအစစ်ကွဲ့." လို့ ကြားဖူးနားဝဟောကြားပြီး တစ်ချိုးတည်းလစ်တော့တယ်။ အမျိုးသမီးကြီးခမျာမှာတော့ ချမ်းဟောသွားတဲ့တရားကို ကြည်ညိုလွန်းတာနဲ့ ချမ်းရဲ့ရုပ်ပုံကို ရွှေသားနဲ့ထုလုပ်ပြီး နတ်ကွန်းမှာထားကာ ကိုးကွယ်လေတော့တယ်။

●



www.burmeseclassic.com

www.burmeseclassic.com

(၃)

ချမ်းကတော့ လက်ဆောင်တွေကို ဝေပါပြီ။

တောင်ပိုင်းမှာနေထိုင်တဲ့လူတွေအတွက် "ပြီးပြည့်စုံခြင်း" တွေကို ဝေငှပေးလိုက်တယ်။ မြောက်ဖက်အရပ်မှာနေတဲ့သူတွေအတွက်ကတော့ "မပြည့်စုံမှု" တွေ ဝေပေးလိုက်တာပေါ့။

သူ့စိတ်ထဲမှာကတော့ တောင်ပိုင်းကလူတွေဟာ "သုခ" တွေရကုန်ပြီး မြောက်ပိုင်းကလူတွေကတော့ "ဒုက္ခ" ရောက်ကြမှာပဲလို့ ထင်လိုက်တယ်။

ဒါပေမယ့် တကယ်တမ်းကျတော့ အဲဒီလိုမဟုတ်ပါဘူး။

တောင်ဘက်အရပ်ကလူတွေဟာ "ပြည့်စုံမှု" လို့ သူတို့ထင်တဲ့အရာတွေပေါ်မှာပဲ တွယ်ဖက်ပြီး သာယာနေကြတယ်။ နောက်ထပ်ဘာကိုမှ မစဉ်းစားတော့ဘူး။ ဘာမှလည်း ပိုကောင်းအောင် ထပ်လုပ်ဘို့





မကြိုးစားကြတော့ဘူး။

သူတို့ရဲ့အတွေးအခေါ်တွေဟာ ညံ့သွားတယ်။ ကန်းသွားတယ်။ တုံးသွားအသွားကြတော့တယ်။ ဒါနဲ့ တောင်ပိုင်းသားတွေဟာ ဆင်းရဲသွားကြတော့တာပေါ့။

●

မြောက်ဘက်အရပ်ကလူတွေကတော့ "မပြည့်စုံမှု" ကို ဖြည့်ဆည်းဘို့၊ ကျော်လွှားဘို့ နေ့စဉ်နဲ့အမျှ ကြိုးစားကြဲစည်အားထုတ်နေရင်းက တဖြည်းဖြည်း ပိုပိုပြီး ထူးချွန်လာကြတယ်။ လောကကြီးကို ရင်ဆိုင်ဘို့ သတ္တိတွေပိုပြီး ရှိလာကြတယ်။

သူတို့မှာ နည်းပညာအသစ်အဆန်းတွေ ပိုင်ဆိုင်လာတယ်။ အောင်မြင်မှုဆိုတာဟာလည်း သူတို့အတွက် အဓိပ္ပာယ်ရှိလာကြတယ်။ ဆုံးရှုံးမှုဆိုတာတွေကလည်း သူတို့အတွက် အတွေ့အကြုံတွေကို ပိုပြီးကြွယ်ဝလာစေတယ်။

အဓိကပြောချင်တာက အဲဒါပါပဲ. . . ။

လောကမှာ "ပြည့်စုံခြင်း" ဆိုတာ အဓိပ္ပာယ်မရှိပါဘူး။

မပြည့်စုံတဲ့အခြေအနေအတွက် အသင့်တော်ဆုံးဖြစ်အောင် ဘာလုပ်ကြမလဲ. . . ဆိုတာကသာ လူ့ဘဝရဲ့ တကယ့်အနှစ်သာရဖြစ်ပါတယ်။

●



www.burmeseclassic.com

www.burmeseclassic.com


နတ်မင်းကြီးခိုင်းတဲ့အတိုင်းမဖြစ်ဘဲ တလွဲတချော်တွေဖြစ်ကုန်တာနဲ့ "ချမ်း"ဟာ အဆူခံရမှာကြောက်ပြီး နတ်ပြည်ကို မပြန်ရဲတော့ဘူး။

ဒါနဲ့ သူက . . .

"ငါ. . . ဘယ်မှာသွားနေရပါ့မလဲ" လို့ စဉ်းစားတယ်။

အဲဒီမှာတင် သူဟာ အမျိုးသမီးကြီးက သူ့ကို ရွှေသားနဲ့ ရုပ်တုထုပြီး နတ်ကွန်းမှာထားပြီး ကိုးကွယ်ထားတာကို မြင်လိုက်တော့တာပဲ။ ဒါနဲ့ သူဟာ သူ့ပုံစံတုရွှေရုပ်တုထဲမှာ ဝင်နေလိုက်တော့တယ်။ နတ်ကွန်းထဲမှာဆိုတော့ တန်ခိုးကြီးတဲ့ တခြားနတ်ရုပ်တွေကလည်း အများကြီးပေါ့။

အဲဒီ တန်ခိုးကြီးနတ်ရုပ်တွေကြားမှာ ချမ်းဟာ ဟန်ကျပန်ကျနေရာရနေတယ်။

အဲဒီအချိန်မှာပဲ ချမ်းကိုကိုးကွယ်တဲ့ အမျိုးသမီးကြီးဟာ ချမ်းရဲ့နတ်ရုပ်ကို အမွှေးတိုင်နဲ့ပူဇော်ဖို့ နတ်ကွန်းကိုရောက်လာတယ်။

နတ်ကွန်းထဲမှာ သူမ မကိုးကွယ်တဲ့ တခြားနတ်ရုပ်တွေလည်း အများကြီးရှိနေတော့ အမျိုးသမီးကြီးဟာ နည်းနည်းစဉ်းစားတွေဝေသွားလေရဲ့။ သူလှူဒါန်းတဲ့အမွှေးတိုင်ရဲ့ရနံ့ကို သူကြည်ညိုတဲ့ "ချမ်း" နတ်ရုပ်တစ်ခုတည်းရစေချင်တာကိုး။

"အမွှေးတိုင်ကို နတ်ကွန်းထဲမှာ ဒီအတိုင်းထွန်းညှိလိုက်ရင် အငွေ့က တခြားနတ်ရုပ်တွေဆီကိုပါ ပျံ့နှံ့သွားမှာ သူ မလိုလားဘူး (ချမ်း ဟောလိုက်တဲ့ တရားထဲမှာ မစ္ဆရိယဝန်တိုစိတ်ကိုပါ ပယ်ဖျက်ပစ်ရမယ်ဆိုတဲ့အချက်ကလည်း ပါမှမပါသွားဘဲ)

ဒါကြောင့် အမျိုးသမီးကြီးဟာ ဖန်ကတော့ရှည်ကြီးတစ်ခုလုပ်တယ်။ ပြီးတော့ အဲဒီဖန်ကတော့ကြီးရဲ့အဝနဲ့ ချမ်းနတ်ရုပ်ရဲ့ မျက်နှာကို စွပ်လိုက်တယ်။

နောက်. . . ဖန်ကတော့ရဲ့ ဒီဘက်အဝကနေ အမွှေးတိုင်ပေါင်းများစွာကို စုပြီး မီးညှိလိုက်တဲ့အခါအခိုးအငွေ့တွေမှန်သမျှဟာ အလုံးအရင်းနဲ့ ထွက်ပေါ်လာပြီး ရုပ်ထုရဲ့မျက်နှာဆီ တည့်တည့်ကြီးတိုးဝင်သွားတော့တာပေါ့။

●

အကျိုးဆက်ကတော့. . .

ရွှေရုပ်တုရဲ့မျက်နှာတစ်ခုလုံး မီးခိုးစွဲပြီး မည်းတူးသွားတော့တာပဲ။

ချမ်းလည်း လူတွေနဲ့ဝေးရာဆီကို ပြေးလေတော့သတဲ့။

●

ချမ်းတစ်ယောက် ဘယ်နေရာတွေကို ရောက်သွားသလဲဆိုတာ နောက်အခါအခွင့်ကြုံရင် ထပ်ပြီးပြောပြပါဦးမယ်။

■



www.burmeseclassic.com

www.burmeseclassic.com





ဘကယ၍သာ ၂၂

မင်းသိုက်စိုးစန်



www.burmeseclassic.com

www.burmeseclassic.com

အကယ်၍သာ . . .

သင့်မှာ သင့်စိတ်ကြိုက် အယူအဆတစ်ခုခုဆိုတာ ဘာမှမရှိခဲ့ရင် အစွဲအလမ်းဆိုတာ ဘာတစ်ခုမှမရှိခဲ့ရင် သင့်ကို ဝန်းရံထားတဲ့ ပညတ်တွေမရှိခဲ့ရင် ယုတ်စွအဆုံး သင့်မှာ ကိုယ်ပိုင်နာမည်တစ်ခုတောင် ခေါ်ဝေါ်စရာမရှိခဲ့ရင် . . . သင်ဟာ ဘာသတ္တဝါဖြစ်နေမှာလဲ။





(၁)

ဟိုးရှေးရှေးတုန်းကလို့ပဲ ပြောကြပါစို့ (ဘာဖြစ်လို့လည်းဆိုတော့ ကျွန်တော်က အချိန်နေရာတိတိကျကျပြောဖို့ မလိုအပ်တဲ့ကိစ္စတွေကို အရှုပ်အရှင်းကင်းအောင် "ဟိုး . . . ရှေးရှေးကာလ" ဆိုကိုပဲ ပို့ပစ်လိုက်တတ်လွန်းလို့ပါ)

အဲဒီတုန်းက . . .

ပညာရှိအဘိုးအိုတစ်ယောက်ဆီကို တပည့်ခံချင်တဲ့ လူငယ်တွေဟာ နေရာဒေသအနှံ့အပြားကနေ တဖွဲဖွဲရောက်လာကြတယ်။

လူငယ်တွေဆုံမိကြတာနဲ့ တစ်ယောက်ကိုတစ်ယောက် အကဲခတ်ရင်း သူ့အကြောင်းကိုယ့်အကြောင်း စကားစမြည် အပြန်အလှန်ဖလှယ် ဖြစ်ကြတော့တယ်။ အဲဒီလိုပြောရင်းနဲ့ တစ်ယောက်က ပညာရှိအဖိုးအိုကို ဂါရဝပြုရင်း ကိုယ့်ကိုယ်ကို ဘယ်လိုလူစားဖြစ် တယ်ဆိုတာဖွင့် ပြောမိတ်ဆက်ကြရင် မကောင်းဘူးလား . . . လို့ အကြံပြုတယ်။

အဘိုးအိုကလည်း . . . .



www.burmeseclassic.com

www.burmeseclassic.com

"ကောင်းတာပေါ့. . . ဟုတ်ပြီ. . . ဟုတ်ပြီ. . . မင်းကပဲ စပြီး ပြောစမ်းပါဦးကွာ၊ မင်းက ဘယ်လိုလူလဲ"

ပထမဦးဆုံး လူငယ်ကထပြီး . . .

"ကျွန်တော်က ဆိုရှယ်လစ်ပါ"

"ဩော်. . . အင်း. . . အင်း. . . "

အဘိုးအိုက ခေါင်းတညိတ်ညိတ်လုပ်ရင်း နောက်တစ်ယောက်ကို ပြောခိုင်းပြန်တယ်။

အဲဒီလူငယ်ကလည်း . . .

"ကျွန်တော်ကတော့ မော်ဒန်ဝါဒီပါ"

"ဩော်. . . အင်း. . . အင်း. . . ။ နောက်တစ်ယောက်က ကောကွာ . . . "

"ကျွန်မက စည်းကမ်းကို တန်ဘိုးထားတဲ့လူစားပါရှင့်"

"ကျွန်တော်ကတော့ မဟုတ်ရင်မခံဘူးဆိုတဲ့ အစားထဲကပဲ"

"ကျွန်မကတော့ သိပ္ပံနည်းကျ လက်တွေ့သမားပါရှင့်"

အဘိုးအိုက ခေါင်းညိတ်ပြန်တယ်။ နောက်လူငယ်တစ်ယောက် ကျပြန်တော့ . . .

"ကျွန်တော်က အများအကျိုးဆောင် ပရဟိတဝါဒသမားပါ"

"ကျွန်မကတော့ ဝေဖန်ရေးသမားပါ"

"ကျွန်တော်က ရုပ်ဝါဒီပါ"

"ကျွန်မက အိတ်ဇစ်စတင်ရှယ်ဝါဒသမားပါ"

စသဖြင့် တစ်ယောက်ပြီးတစ်ယောက် ကိုယ့်ကိုယ်ကို ဘာဆိုတာ ထထပြီး ပြောကြတယ်။ ဒီကြားထဲမှာ တချို့က ကိုယ်ရည်သွေးတဲ့





လူရှိသလို တချို့က ကိုယ့်ယုံကြည်မှု ကိုယ့်ဝါဒက ကောင်းကြောင်းအမွှန်းတင်ကြော်ငြာသွားတဲ့သူတွေလည်း ရှိတာပေါ့။

အဘိုးအိုကတော့ အားလုံးကို ခေါင်းတညိတ်ညိတ်နဲ့ပဲ နားထောင်နေလိုက်တယ်။ အားလုံးပြောလို့ပြီးသွားတော့မှ အဘိုးအိုက . . .

"အခု ပြောသွားသမျှတွေအားလုံးဟာ မင်းတို့ တစ်ယောက်ချင်းစီရဲ့အကြောင်းပဲ။ တစ်နည်းအားဖြင့်ပြောရရင် "ငါဟာ ဘာကောင်လဲ" လို့ ကိုယ့်ကိုယ်ကို သတ်မှတ်လိုက်ကြတာပဲ။ ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်. . . အဘ"

"အေး. . . အဲဒီလို "ငါဟာ ဘာကောင်ပဲလို့" သတ်မှတ်လိုက်တာတွေအားလုံးဟာ ဆိုရှယ်လစ်. . . တို့၊ မော်ဒန်. . . တို့၊ စည်းကမ်း. . . တို့၊ သိပ္ပံ. . . တို့ဆိုတဲ့ စကားလုံးပညတ်တွေအပေါ်မှာ မှီခိုပြီးမှ အဓိပ္ပာယ်တစ်စုံတစ်ရာရှိနေရတာ မဟုတ်လား၊ ကိုယ့်ရဲ့အဓိပ္ပာယ်ကို ကိုယ် ရှာဖွေထားတာမှမဟုတ်ဘဲ"

အဘိုးအိုက အဲဒီလိုပြောလိုက်တော့ ဘယ်သူမှ စကားမတုံ့ပြန်ကြဘူး။ တိတ်ဆိတ်ပြီး တစ်ယောက်မျက်နှာကိုတစ်ယောက် ကြည့်နေကြလေရဲ့။ နားမလည်ကြတာလည်း ဖြစ်နိုင်တယ်။

ဒါကြောင့် အဘိုးအိုက ဆက်ပြီး. . .

"ကဲ. . . ရှင်းရှင်းပြောရရင်ကွာ မင်းတို့ရဲ့ဂုဏ်ပုဒ်တွေထဲက "ဆိုရှယ်လစ်" တို့၊ "ရုပ်ဝါဒ" တို့၊ "သိပ္ပံ" တို့. . . ဆိုတဲ့ စကားလုံးပညတ်တွေကို ဖြုတ်ပစ်ကြည့်လိုက်ကြစမ်းပါ။ ကိုင်း. . . ဘာကျန်တော့လို့လဲ။ ဘယ်မှာလဲ မင်းတို့ရဲ့အဓိပ္ပာယ်။ အဲဒီပညတ်တွေသာမရှိရင် "လူ"ဆိုတဲ့ အဓိပ္ပာယ်လည်း မရှိတော့ဘူးတဲ့လား။ မင်းတို့ဟာ ဘာသတ္တဝါတွေ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သွားကြပြီလဲ"

အဲဒီစကားအဆုံးမှာတော့ သူတို့အားလုံးဟာ ခေါင်းတွေငုံ့ပြီး စဉ်းစားနေကြတော့တယ်။

ငါဟာ ဘာလဲ။

ငါဟာ ဘာလဲ. . . ။

●





(၂)

အဲဒါကို ဆက်တွေးရင်းနဲ့ပဲ ပြဿနာက ပိုရှုပ်ထွေးလာတယ်။

ဝါဒတွေ၊ အမျိုးအစားခွဲခြားမှုတွေ၊ ပညတ်တွေကို ဖယ်ပစ်လိုက်ရင် လူဆိုတာ အားလုံး အတူတူပဲလို့ ပြောသလိုဖြစ်နေမှာပေါ့. . . လို့ တချို့က စောဒကတက်ကြတယ်။

ယုံကြည်မှုချင်းမတူ. . . ဝါဒချင်းမတူလို့သာ လူတွေဟာ တစ်ယောက်နဲ့တစ်ယောက် ကွဲပြားနေရတာပေါ့။ သူကလည်းသူ. . . ကိုယ်ကလည်းကိုယ်ဆိုပြီး သတ်သတ်မှတ်သတ် ရှိနေတာမဟုတ်ဘူးလား။

ဒီမေးခွန်းကို အဘိုးအိုကိုပဲ ဝိုင်းပြီးမေးကြမြန်းကြတော့တယ်။

လူဆိုတာ အားလုံး အတူတူချည်းပဲလား။

ဒါမှမဟုတ် လူဟာ တစ်ယောက်နဲ့တစ်ယောက် ကွဲပြားသလား။



www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုက ဒီမေးခွန်းကို ချက်ချင်းမဖြေပါဘူး။ သူက ဘယ်လို ပြောသလဲဆိုတော့. . .

"ဒီမေးခွန်းကို လာမယ့်လပြည့်ညကျမှပဲ အဖြေပေးတော့မယ်။ အဲဒီ လပြည့်ညကျရင် မင်းတို့အားလုံး တစ်ယောက်ကို ရရာ "ခွက်" တစ်လုံးစီ ငါ့ဆီကိုယူလာခဲ့ကြ"

●



(၃)

လပြည့်ညမှာတော့ လူငယ်တွေအားလုံးဟာ ခွက်တစ်လုံးစီ ကိုယ်စီကိုင်ဆောင်ပြီး အဘိုးအိုရှိရာဆီကို ရောက်လာကြတော့တယ်။

တချို့က ရတနာတွေစီချယ်ထားတဲ့ အဖိုးထိုက်အဖိုးတန်ခွက်ကို ယူလာကြတယ်။ တချို့ကျတော့လည်း မွန်မြတ်တဲ့နေရာမှာသုံးတဲ့ ခွက်ကိုမှ ယူလာတယ်။ တချို့က ကြေးခွက်၊ တချို့ကျတော့ ရိုးရိုးစတီးခွက်၊ ဒန်ခွက်တွေ ယူလာတယ်။

မြေအိုးမြေခွက်တွေနဲ့ အုန်းမှုတ်ခွက်တွေတောင်မှ ယူလာကြသူတွေလည်း ရှိကြသေးရဲ့။ အဘိုးအိုက အဲဒီခွက်တွေအားလုံးကို သူ့အိမ်ရှေ့က ရှင်းသန့်ပြောင်စင်နေအောင် တံမျက်စည်းလှဲထားတဲ့ မြေကွက်လပ်ပေါ်မှာ စုပုံပြီး ချခိုင်းလိုက်တယ်။

လရောင်လင်းပနေတဲ့ မြေကွက်လပ်ပေါ်မှာ ခွက်အမျိုးမျိုးဟာ



www.burmeseclassic.com

www.burmeseclassic.com


အစီအရီပေါ့။ ပြီးသွားတော့ အဘိုးအိုက . . .

"အဲဒီခွက်တွေအားလုံးထဲကို ရေအပြည့်ဖြည့်လိုက်ကြ"

သူ့စကားအတိုင်း ခွက်တွေကို ရေဖြည့်လိုက်တဲ့အခါ ကောင်းကင် မှာသာနေတဲ့ လမင်းရဲ့ပုံရိပ်ကို ရေခွက်တစ်ခွက်ချင်းစီမှာ တွေ့ရတော့ တာပဲ။

ရွှေခွက်ထဲမှာလည်း လမင်းရဲ့ပုံရိပ်ထင်တယ်။ မြေသားခွက်ထဲ မှာလည်း လမင်းကို မြင်ရတယ်။ နောက်ဆုံး အုန်းမှုတ်ခွက်ထဲက လမင်း ရဲ့ပုံရိပ်ဟာလည်း တခြားခွက်တွေထဲက လမင်းရဲ့ပုံရိပ်နဲ့ အတူတူပါပဲ။

အဘိုးအိုက စကားတစ်ခွန်းပြောတယ်။

"ခွက်တွေက အမျိုးမျိုးဆိုတော့ ပုံရိပ်တွေကလည်း အမျိုးမျိုး ပေါ့။ ခွက်တစ်ခွက်ချင်းစီဟာ သီးခြားပုံရိပ်တစ်ခုစီကို ပိုင်ဆိုင်တယ်။ ဒါပေမယ့်လမင်းကတော့ တစ်ခုတည်းပဲ"

●



ခွက်တွေလိုပဲ လူတွေဟာလည်း အမျိုးမျိုး အစားအစားကွဲပြား နေလေရဲ့။ လူတစ်ယောက်ချင်းစီအတွက် သတ်မှတ်ချက်ပုံရိပ်တစ်ခုစီ သီးသီးခြားခြားရှိကြတယ်။


ပုံရိပ်တွေကို ဖြစ်ပေါ်စေတဲ့ သဘာဝတရားကတော့ တစ်ခု တည်းပါပဲ။

■


www.burmeseclassic.com

www.burmeseclassic.com





အကယ်ရှိသား ■ ၂၄

မင်းခိုက်စိုးစန်

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍သာ . . .

သင်ဟာ အမှန်တရားကို မြတ်နိုးတတ်သူဆိုပါစို့။

သစ္စာတရားဟာ ရှာဖွေလို့တွေ့နိုင်တဲ့အရာဖြစ်တယ်လို့ ယုံကြည်ပါသလား။

ဟုတ်ကဲ့. . .။

သစ္စာတရားကို သင် ဘယ်နေရာမှာ သွားရောက်ရှာဖွေမယ်လို့ စိတ်ကူးထားပါသလဲ။

●



(၁)

နတ်ရုပ်လေး "ချမ်း" အကြောင်း ပြောပြပါဦးမယ်။

ချမ်းဟာ လူတွေနဲ့ဝေးရာဆီကို ထွက်ပြေးလာပြီးတဲ့နောက် သစ္စာ တရားကို လိုက်လံရှာဖွေဘို့ ဆုံးဖြတ်လိုက်တော့တယ်။

ဒါကြောင့် သူဟာ တောနက်ထဲကို ဝင်ခဲ့တယ်။ တောတောင်ရဲ့ အရိပ်အာဝါသအောက် သစ်တစ်ပင်ဝါးတစ်ပင်ချင်းစီရဲ့ခြေရင်းမှာ သစ္စာတရားကို ရှာဖွေဘို့ ကျင့်ကြံအားထုတ်နေတဲ့ပုဂ္ဂိုလ်တွေဆီ ချဉ်းကပ်တယ်။ မေးမြန်းစုံစမ်းတယ်။

သူတို့ကတော့ ချမ်းကို သူတို့သိသလောက် ဝိုင်းဝန်းအကြံပေးကြတာပါပဲ။ တစ်ယောက်ကို အယူအဆတစ်မျိုးစီဆိုတော့ စုံစီနဖာဖြစ်နေတော့တာပဲ။

တချို့က ပြောကြတယ် . . .



www.burmeseclassic.com

www.burmeseclassic.com

"သစ္စာတရားကို တွေ့မြင်ချင်ရင် ကာမဂုဏ်ခံစားမှုကို စွန့်လွှတ်ရမယ်" တဲ့။

တချို့ကကျပြန်တော့လည်း အဲဒီအယူအဆကို ဆန့်ကျင်ကြတယ်။

"ကာမဂုဏ်ခံစားမှုမရှိရင် လူဆိုတာ ကျောက်တုံးနဲ့ တူနေမှာပေါ့". . . တဲ့။

တချို့ကျတော့ . . .

"သစ္စာတရားကို တွေ့ချင်ရင် ထမင်းတစ်နပ်ပဲစားပြီး ကျင့်ကြံအားထုတ်ပါ" လို့ အကြံပေးကြတယ်။ တချို့ကတော့ အဲဒါကို ချိုးခြံတဲ့အကျင့်၊ ခေါင်းပါးတဲ့အကျင့်ဖြစ်တယ်ဆိုပြီး ပယ်စွန့်ခိုင်းကြပြန်ရော။

တချို့ကတော့ . . .

"ခြေထောက်တစ်ချောင်းတည်းနဲ့ မတ်တပ်ရပ်ပြီး နေကိုရှိခိုးပါ" တဲ့. . .၊ တချို့ကျတော့လည်း. . .

"သစ္စာတရားဆိုတာ မရှိခြင်းတွေနဲ့ ဖွဲ့စည်းထားတဲ့ ရှိခြင်းပဲဖြစ်တယ်" ဆိုပြီး အဓိပ္ပာယ်ဖွင့်ရခက်တဲ့ စကားလုံးတွေနဲ့ ဟောကြပြောကြတယ်။

ကြာလာတော့ ချမ်းလည်း စိတ်ရှုပ်ပြီး ဦးနှောက်တွေခြောက်လာတယ်။ သစ္စာတရားဟာ ဘယ်နေရာမှာရှိမှန်းကို မသိတော့ဘူး။

ဒါနဲ့. . . ချမ်းက . . .

"သစ္စာတရားကို ကုန်းမြေပေါ်မှာ ရှာလို့မတွေ့ရင် ရေထဲမှာ





ပဲ ဆင်းပြီးရှာတော့မယ်" လို့ ဆုံးဖြတ်ပြီး လှေတစ်စင်းကို ထွင်းတယ်။ ပြီးတော့. . . ချောင်းထဲကိုလှော်ခတ်ပြီး ထွက်လာခဲ့တော့တယ်။


www.burmeseclassic.com

www.burmeseclassic.com



(၂)

ချမ်းဟာ လှေတစ်စင်းကိုလှော်ခတ်ပြီး ချောင်းတကာ့ချောင်း၊ မြစ်တကာ့မြစ်တွေအနှံ့ လှည့်လည်ခရီးဆန့်လာခဲ့တယ်။ ကြာတော့ လှော်ရခတ်ရတာ ခြေကုန်လက်ပန်းကျလာရော. . .။

ဒါနဲ့. . . ချမ်းဟာ လှေတက်ကို လှေဝမ်းထဲပစ်ချထားပြီး မျောချင်ရာမျောတော့လို့ စိတ်လျှော့လိုက်တယ်။

အဲဒီအချိန်မှာ လှေနံဘေး ရေမျက်နှာပြင်ထက်ကို ငါးကလေး တစ်ကောင် ပွက်ခနဲခုန်တက်လာပြီး . . .

"ဟေ့. . . ချမ်း ခင်ဗျား ယမုံနာမြစ်ကြီးဆိုတာ ဘယ်နေရာမှာ ရှိသလဲ သိသလား။ ရောက်ကော ရောက်ဖူးသလား"

ချမ်းက ခေါင်းခါပြလိုက်ပြီး . . .

"ဟင့်အင်း. . . ငါလည်း အဲဒီ ယမုံနာမြစ်ဆိုတဲ့ မြစ်ကြီး အကြောင်းကို ကြားပဲကြားဘူးတာ၊ ဘယ်နေရာမှာရှိမှန်း မသိဘူးကွ"



သူ့စကားကြောင့် ငါးကလေးဟာ စိတ်ပျက်လက်ပျက်ဖြစ်သွားပြီး . . .

"ခက်တယ်ဗျာ၊ ကျွန်တော်က ဟိုးငယ်ငယ်လေးကတည်းက အဲဒီ ယမုံနာဆိုတဲ့ ဂင်္ဂါဝင်မြစ်ကြီးကို ကိုယ်တိုင်ကိုယ်ကျ ရောက်ဖူးချင်တယ်။ အဲဒီမြစ်ထဲမှာ ကူးခတ်ချင်တယ်။ ငါးဆိုတဲ့ဘဝကို ရပြီးတော့မှ ယမုံနာမြစ်ထဲမှာ ကူးခွင့်မရဘဲ သေဆုံးသွားရမှာကို အကြောက်ဆုံးပဲဗျာ"

ချမ်းက ခေါင်းတညိတ်ညိတ်နဲ့ . . .

"ဟုတ်တာပေါ့၊ ငါးဘဝကိုရပြီးမှတော့ ယမုံနာမြစ်ကို မြင်ဖူးလိုက်မှ ငါးဖြစ်ရကျိုးနပ်တော့မှာပေါ့၊ ဒါနဲ့. . . မင်း တခြားသူတွေဆီမှာကော စုံစမ်းကြည့်ပြီးပြီလား"

ငါးကလေးက . . .

"ဘယ်နေလိမ့်မတုန်းဗျာ၊ ကျွန်တော်တို့ ငါးလောကမှာရှိတဲ့ ဂုရုကြီးတွေအားလုံးကို လိုက်မေးကြည့်ပြီးပြီလေ၊ ဂုရုကြီးတစ်ယောက်က ပြောတယ်ဗျ၊ မမိုက်ချင်စမ်းပါနဲ့ကွာ၊ ယမုံနာမြစ်ကို ရောက်ဖို့ဆိုတာ လွယ်တာမဟုတ်ဘူး။ ဘဝပေါင်းများစွာ ပါရမီဖြည့်ပြီးမှ ရောက်တာကွ . . . လို့ ပြောတယ်။ သူပြောတာ ဟုတ်သလားဟင်"

"ငါလည်း မသိဘူးလေကွာ"

"နောက် ဂုရုကြီးတစ်ယောက်ကကျတော့. . . အလှူဒါနတွေ ယဇ်ပူဇော်တာတွေ အများကြီးလုပ်မှ ယမုံနာမြစ်ကို မြင်ခွင့်ရမယ်. . . တဲ့။ နောက်ဂုရုကြီးတစ်ယောက်ကျတော့လည်း. . . ယမုံနာမြစ်ကို မြင်ခွင့်ရဖို့ဆိုရင် အကုသိုလ်စင်ကြယ်မှဖြစ်မယ်။ အကုသိုလ်စင်ကြယ်အောင်

www.burmeseclassic.com

www.burmeseclassic.com

ငါပေးတဲ့ ဂါထာကိုရွတ် . . . ဆိုပြီး ဂါထာမန္တန်တွေ ရွတ်ခိုင်းတယ်ဗျာ"

ငါးကလေးက ညည်းညည်းညူညူနဲ့ ပြောတယ်။ ချမ်းကတော့ ပြုံးနေလေရဲ့။ သူ့အဖြစ်အပျက်နဲ့ တူနေတာကိုး။

ငါးကလေးက . . .

"နောက်ဂုရုကြီးတစ်ယောက်ကတော့ ဟောဒီလို ကလီယုဂ် ဆုတ်ကပ်ကြီးထဲမှာ ယမုံနာမြစ်ကိုမြင်ဖို့ လုံးဝမဖြစ်နိုင်ဘူး။ ဘုရားကိုသာ ရှိခိုးပြီး ဆုတောင်းပေတော့ . . . တဲ့။ ကျွန်တော် ဘာကိုယုံရမလဲဗျာ"

အဲဒီလိုပြောနေတဲ့အချိန်မှာ မလှမ်းမကမ်းက "ဗွမ်း"ခနဲ ရေပွက်သံကြားလိုက်ရပြီး ငါးကြင်းကြီးတစ်ကောင်ပေါ်လာတယ်။ အဲဒီ ငါးကြင်းကြီးက . . .

"ဟေ့ . . . ချာတိတ်၊ မင်းကို ငါ အထိရောက်ဆုံး အကြံတစ်ခု ပေးမယ်။ အဲဒါကတော့ ယမုံနာမြစ်ကို လိုက်ရှာမနေနဲ့ဆိုတဲ့ အကြံပဲ"

ငါးကလေးက အံ့ဩသွားပြီး . . .

"ခင်ဗျားကတော့ ဘာလဲ။ ဂုရုကြီးတစ်ယောက်ပဲလား"

"ဟင့်အင်း . . . မဟုတ်ပါဘူး။ ငါဟာ ရိုးရိုးပဲနေထိုင်စားသောက်တဲ့ သူလိုငါလို သာမန်ငါးကြင်းတစ်ကောင်ပါပဲကွာ"

"ဘာဖြစ်လို့ ယမုံနာမြစ်ကို လိုက်မရှာဘို့ ကျွန်တော့်ကို အကြံပေးရတာလဲ"

ငါးကြင်းကြီးက . . .

"ဘာလို့လဲဆိုတော့ အခုကတည်းက မင်းဟာ ယမုံနာမြစ်ကို ရောက်ပြီးသားဖြစ်နေပြီပဲ။ မင်းပတ်ပတ်လည်ကို သေသေချာချာ ကြည့်လိုက်စမ်း။ ရေတွေကို တွေ့တယ်မဟုတ်လား"

"ဟုတ်တယ်လေ၊ ဒီရေတွေဟာ ကျွန်တော်မွေးကတည်းက ကျွန်တော့်ပတ်ပတ်လည်မှာရှိနေတာပဲ"

"အေး . . . ယမုံနာမြစ်ဆိုတာဟာ မင်းရဲ့ ပတ်ပတ်လည်က ရေတွေစီးဆင်းနေတဲ့နေရာပဲ။ အထူးတလည် သွားရှာနေဖို့မလိုပါဘူး။ အခုလောလောဆယ်မှာကို မင်းဟာ ယမုံနာမြစ်ထဲမှာ ရောက်နေတဲ့ အစိတ်အပိုင်းတစ်ခုဖြစ်နေပြီပဲ"

ငါးကလေးက တွေဝေငေးငိုင်သွားပြီး . . .

"ဒါကို ကျွန်တော် အစောကြီးကတည်းက ဘာဖြစ်လို့ မသိရတာလဲဟင်"

"မင်းက အဝေးကြီးကိုလှမ်းကြည့်ပြီး ရှာနေတာကိုး။ မင်းစိတ်ထဲမှာထင်နေတာက မြစ်ကတခြား၊ မင်းကတစ်ခြားပဲ။ မင်းကိုယ်မင်း မြစ်နဲ့ တစ်သားတည်းလို့မှ မမြင်တာကိုး။ အေးပေါ့လေ . . . နီးလွန်းတော့လည်း မမြင်နိုင်ဘူးပေါ့"

ငါးကလေးက သူရှာဖွေနေတဲ့အရာကို တွေ့လိုက်ရလို့ပျော်ရွှင်ပြီး ရေထဲပြန်ငုပ်သွားတယ်။

ချမ်းကတော့ သူ့လှေကို ဆက်လှော်ရမှာလား၊ မလှော်ဘဲထားရမှာလားဆိုတာကို စဉ်းစားနေတုန်းပဲ။

သူလည်း သူရှာဖွေနေတဲ့အရာကို တွေ့လိုက်ရပြီလို့ စိတ်ထဲမှာ ထင်လိုက်တယ်။

ခင်ဗျားတို့ကော . . . ။

■






ကြောင်နှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



(၁)

တစ်ခါတုန်းက အလွန်အင်မတန်ထူးချွန်တဲ့ မျက်လှည့်ဆရာတစ်ယောက်ရှိသတဲ့။ တစ်နေ့တော့ သူဟာ သိပ်စည်ပင်ဖွံ့ဖြိုးတဲ့ မြို့ကြီးတစ်မြို့ကို ရောက်လာတယ်။

မြို့ကြီးက လှလည်းလှတယ်။ လူတွေကလည်း စည်ကားတယ်။ သူ့ရဲ့မျက်လှည့်ပွဲကလည်း ကျိတ်ကျိတ်တိုး အောင်မြင်သတဲ့။

မျက်လှည့်ဆရာဟာ အဲဒီမြို့ကို အရမ်းသဘောကျသွားတယ်။ ဒီမြို့မှာပဲ အခြေတကျနေထိုင်တော့မယ်လို့ ဆုံးဖြတ်ပြီး မြေကွက်တစ်ကွက် ဝယ်လိုက်တယ်။ ပြီးတော့. . . သူ့စိတ်ကြိုက် အိမ်တစ်ဆောင်ကို ဆောက်တော့တာပဲ။

အဲ. . . သူမသိတာတစ်ခုတော့ ရှိလေရဲ့။ အဲဒါကတော့ အဲဒီမြို့ဟာ အမြင်မှာ လှပခန့်ညားပေမယ့် အဲဒီမြို့မှာနေထိုင်တဲ့လူတွေဟာ ဟန်ဆောင်လိမ်ညာနေကြတဲ့ သူခိုးသူဝှက်တွေဖြစ်ကြတယ်။ သူတစ်ပါးဆီက စည်းစိမ်ဥစ္စာကို ရဖို့ဆိုရင် လိမ်ညာလှည့်ဖျားကောက်ကျစ်ရမှာ ဝန်လေးတဲ့သူတွေမဟုတ်ဘူး။

အဲဒီအကြောင်းကိုမသိတဲ့ မျက်လှည့်ဆရာဟာ ခိုကိုးရာမဲ့ဖြစ်နေရှာတဲ့ မြို့ခံလူတစ်ယောက်ကို သနားပြီး သူ့အိမ်ဘေးမြေကွက်လပ်ပေါ်မှာ အဖီလေးထိုးနေခွင့်ပေးလိုက်တယ်။

ဒီလိုနဲ့ နှစ်တွေ တစ်စထက်တစ်စ ကြာလာပါလေရော။

အဲဒီကာလအတောအတွင်းမှာ မြို့ခံလူတွေရဲ့ လှည့်ဖျားမှု၊ ကလိန်ကကျစ်လုပ်မှုတွေကြောင့် မျက်လှည့်ဆရာပိုင်ဆိုင်တဲ့ ငွေကြေးစည်းစိမ်တွေဟာ တဖြည်းဖြည်းလုံးပါးပါးပြီး ကုန်ဆုံးနေပါပြီ။

ဒီကြားထဲ သူ့အိမ်ထောင်ပြုလိုက်တဲ့ အဲဒီမြို့ခံအမျိုးသမီးကလည်း သူ့အပေါ် သစ္စာမရှိဘူး။ ပါသမျှငွေကြေးအားလုံးကို ချွတ်ခွာယူပြီး နောက်ယောကျ်ားတစ်ယောက်နဲ့ လိုက်ပြေးသွားလေရဲ့။

အဲဒီလိုအခြေအနေမျိုးမှာပဲ မျက်လှည့်ဆရာအတွက် ဒုက္ခထပ်ဆင့်လာပါတယ်။ မျက်လှည့်ဆရာက သနားလို့ခေါ်ယူစောင့်ရှောက်ထားတဲ့လူက လက်ရှိနေထိုင်နေတဲ့မြေကွက်နဲ့ အိမ်ဟာ တကယ်တော့ သူသာပိုင်ဆိုင်တာဖြစ်ကြောင်း ထပြီး တရားစွဲတော့တာပါပဲ။

မျက်လှည့်ဆရာကတော့ အံ့ဩရုံအပြင် ဘာမှမတတ်နိုင်တော့ပါဘူး။ သူသနားလို့ ခေါ်ယူစောင့်ရှောက်ထားတဲ့လူက အခုတော့ ကျေးဇူးကန်းပြီး အိမ်ကိုပါအပိုင်စီးဘို့ ကြိုးစားနေတာကိုး။

●





www.burmeseclassic.com

www.burmeseclassic.com

(၂)

လောကကြီးဟာ သူထင်သလို ဖြစ်မလာခဲ့ဘူး။

မျက်လှည့်ဆရာကတော့ အံ့ဩရုံမက တုန်လှုပ်ဝမ်းနည်းသွားရှာတယ်။

သူ့ဘဝတစ်ခုလုံး ပျက်သုဉ်းသွားပြီလေ။ နေစရာအိမ်လည်း မရှိတော့ဘူး။ လက်ထဲမှာ ငွေလည်း တစ်ပြားတစ်ချပ်မှ မရှိတော့ဘူး။

သူဟာ လောကကြီးကို အကြောက်ကြီးကြောက်သွားပါပြီ။

●





(၃)

မျက်လှည့်ဆရာက သူပိုင်ဆိုင်သမျှ မျက်လှည့်ပစ္စည်းတွေကို အထုပ်ထဲထည့်ကာ ထမ်းပြီးတော့ မြို့ကို ကျောခိုင်းစွန့်ခွာလာခဲ့တယ်။

သူ့ရည်ရွယ်ချက်က တောထဲတောင်ထဲမှာ တစ်ယောက်တည်း သွားနေဖို့ပါ။ သူဟာ လောကကြီးကိုကြောက်သွားပြီ။ လောကကြီးထဲမှာ မနေထိုင်ရဲတော့ဘူးလေ။

အဲဒီလိုနဲ့ တောလမ်းကလေးအတိုင်း လျှောက်လာနေတုန်း ဗြုန်းကနဲ ရှေ့မှာ လူငယ်တစ်ယောက်က လမ်းပိတ်ပြီးရပ်ထားတာ တွေ့လိုက်ရတယ်။

မျက်လှည့်ဆရာက တအံ့တဩဖြစ်နေတုန်း အဲဒီလူငယ်က . . .

"ခင်ဗျားဟာ နာမည်ကြီးမျက်လှည့်ဆရာမဟုတ်လား"

မျက်လှည့်ဆရာက ဟုတ်ပါတယ်လို့ ဝန်ခံလိုက်တော့ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com

လူငယ်က ဝမ်းသာအားရနဲ့ . . .

"ဟာ. . . ဝမ်းသာလိုက်တာဗျာ၊ ကျွန်တော်က မျက်လှည့်ပညာကို ဝါသနာပါလို့ လေ့လာသင်ယူနေတဲ့လူတစ်ယောက်ပါ။ ကျွန်တော့်ကို ခင်ဗျားရဲ့တပည့်အဖြစ် သတ်မှတ်ပြီး ပညာသင်ကြားပေးပါခင်ဗျာ"

မျက်လှည့်ဆရာက စိတ်ပျက်လက်ပျက်ဖြစ်သွားပြီး . . .

"ဟာကွာ. . . ငါ့အနေနဲ့ကတော့ ဘယ်တပည့်မှ မခွေးချင်တော့ဘူး။ အခုထွက်လာတာကလည်း တောထဲတောင်ထဲမှာ ငါတစ်ယောက်တည်းသွားနေဖို့ ထွက်လာတာကွ"

"ဗျာ. . . ဘာဖြစ်လို့လဲ"

"ငါ. . . လောကကြီးကို ကြောက်သွားပြီကွာ"

မျက်လှည့်ဆရာရဲ့စကားကြောင့် လူငယ်ဟာ ခေါင်းကို စိတ်ပျက်လက်ပျက်ခါယမ်းလိုက်ပြီး ငြိမ်သက်တိတ်ဆိတ်နေတယ်။ အတော်ကြာမှ လူငယ်က . . .

"ကဲပါ. . . ဆရာရယ်၊ မသွားခင်လေးမှာ ကျွန်တော့်အနေနဲ့ ဆရာ့ကို ကျွန်တော် တတ်သလောက် မှတ်သလောက် မျက်လှည့်ပညာလေးနဲ့ ဖျော်ဖြေချင်ပါတယ်။ ကျွန်တော့်ပညာကို အကဲခတ်သွားပေးပါဦးဆရာ"

"ကဲ. . . လုပ်ကွာ. . . လုပ်. . . မင်းက ဘယ်လိုအကွက်မျိုးပြမှာလဲ"

မျက်လှည့်ဆရာက ခွင့်ပြုလိုက်တယ်ဆိုရင်ပဲ လူငယ်က မျက်လှည့်ဆရာရဲ့အထုပ်ထဲက ဓားတစ်ချောင်းကို ဆွဲထုတ်လိုက်တယ်။





ဓားက တကယ့်ဓားအစစ်မဟုတ်ပါဘူး။ မျက်လှည့်ပြတဲ့နေရာမှာသုံးတဲ့ ဓားအတုပါ။

လူငယ်က အဲဒီဓားအတုနဲ့ရွယ်ပြီး . . .

"ကျွန်တော်က ဟောဒီဓားနဲ့ ဆရာ့ဗိုက်ကို ထိုးခွဲလိုက်မှာ"

မျက်လှည့်ဆရာက စိတ်မပါတပါနဲ့ . . .

"ထိုးလေ. . . ထိုးပေါ့"

လူငယ်က လက်ထဲကဓားကို တဆဆလုပ်ရင်း . . .

"ဆရာက ဓားနဲ့အထိုးခံရမှာ မကြောက်ဘူးလား"

"မင်းလက်ထဲက ဓားက အတုကြီးပဲ၊ ဘာလို့ ကြောက်ရမှာလဲ"

"ဩော်. . . ဒီလိုလား"

လူငယ်က ပြောပြောဆိုဆိုနဲ့ သူ့လက်ထဲကဓားကို ဖုံ့စ်ခနဲမြည်အောင် လေထဲမှာ ဝှေ့ယမ်းလိုက်တယ်။ ဘယ်လို ဘယ်လို အလှည့်အပြောင်းလုပ်လိုက်သလဲတော့ မသိဘူး။ ပြီးတာနဲ့ လူငယ်က . . .

"ဟောဒီမှာကြည့်စမ်း. . . "

ပြောပြောဆိုဆိုနဲ့ သူ့ရဲ့လက်ဖျံကို ရှပ်ခနဲလှီးလိုက်တာ သွေးတွေစီးကျလာပါလေရော။

"ဟင်"

မျက်လှည့်ဆရာက ပါးစပ်အဟောင်းသားနဲ့။ လက်စသတ်တော့ ဓားက သူ့လက်ထဲမှာ အစစ်ဖြစ်နေပါရောလား။ အဲဒီအချိန်မှာပဲ လူငယ်က ဓားနဲ့ချိန်ရွယ်ပြီး . . .

"ကဲ. . . ထိုးတော့မယ်နော် ဆရာ"

"ဟာ. . . ဟာ. . . မလုပ်နဲ့. . . မလုပ်နဲ့လေ"



www.burmeseclassic.com

www.burmeseclassic.com


မျက်လှည့်ဆရာက ပျာပျာသလဲတားပြီး ဒူးထောက်တောင်းပန်တော့တယ်။

"မင်းကွာ . . . ငါ့ကို ဘာလို့ ဒီလို ရက်စက်ချင်ရတာလဲ၊ မသတ် . . . မသတ်ပါနဲ့ကွာ . . ."

လူငယ်က အလန့်တကြားဖြစ်နေတဲ့ မျက်လှည့်ဆရာကိုကြည့်ပြီး မေးခွန်းတစ်ခုမေးတယ်။

"ဆရာက စောစောတုန်းကတော့ မကြောက်ဘူး၊ အခုမှ ဘာလို့ကြောက်နေရတာလဲ"

"စောစောတုန်းက ဓားကို အတုပဲဆိုပြီး မကြောက်တာလေ"

မျက်လှည့်ဆရာရဲ့ အဖြေစကားကြောင့် လူငယ်က ခေါင်းကိုတဆတ်ဆတ်ညိတ်ပြီး တစ်ခွန်းတည်းပြောလိုက်တယ်။

"တကယ်တော့ ဆရာကြောက်နေတဲ့ လောကကြီးကလည်း အတုကြီးပါပဲ ဆရာရယ်။ ဘာများကြောက်စရာရှိလို့လဲ"

■


# အကယ်ဂျာ ၂၅



www.burmeseclassic.com

www.burmeseclassic.com





အကယ်၍သာ – ၂၅

**မင်းခိုက်စိုးစန်**

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍သာ . . .

သေခြင်းတရားနဲ့ပတ်သက်လို့ သင်နှစ်သက်သလို ပြုပြင်ဖန်ဆင်းပြောင်းလဲပစ်နိုင်တဲ့ တန်ခိုးအာဏာ တစ်စုံတစ်ရာကို သင့်ကို အပ်နှင်းလိုက်မယ်ဆိုပါစို့။

သင် ချစ်ခင်နှစ်သက်သူတွေကို ဘယ်တော့မှ သေဆုံးစေခြင်းမရှိဘဲ ရာသက်ပန်ရှင်သန်စေနိုင်မယ်။

သင် မုန်းတီးတဲ့သူတွေကိုတော့ မျက်စောင်းကလေးတစ်ချက်ဝင့်ကြည့်လိုက်ရုံနဲ့ သေစေနိုင်မယ် . . .။

စသဖြင့်ပေါ့ . . .။

သင်ဆန္ဒရှိသလို သေခြင်းတရားကို ကိုင်တွယ်ဖန်တီးနိုင်မယ်ဆိုရင် သင် ဘာတွေလုပ်ဖြစ်မယ်ထင်ပါသလဲ။

●



(၁)

ဟိုးရှေးရှေးတုန်းကလို့ပဲ ဆိုကြပါစို့ . . .။

တောရွာလေးတစ်ရွာမှာ သားအဖနှစ်ယောက် အတူနေထိုင်ကြသတဲ့။

အဖေဖြစ်တဲ့သူက အဲဒီရွာနီးချုပ်စပ်မှာ အင်မတန်ကျော်ကြားတဲ့ ဓားသိုင်းဆရာကြီးပါပဲ။ ဒါ့ကြောင့် သူတို့သားအဖနှစ်ယောက်ဟာ အဲဒီဒေသတစ်ဝိုက်မှာ "သိုင်းဆရာသားအဖ" ရယ်လို့ နာမည်ကြီးပါတယ်။

သိုင်းဆရာကြီးရဲ့ ဇနီးဖြစ်သူဟာ ငယ်ငယ်ကတည်းက ဆုံးပါးကွယ်လွန်သွားတာမို့လို့ သိုင်းဆရာကြီးဟာ မိတဆိုးလေးဖြစ်တဲ့ သူ့ရဲ့သားကို အင်မတန်မှပဲ ချစ်ရှာပါတယ်။

သိုင်းဆရာကြီးဟာ သူ့ရဲ့ ထူးချွန်ပြောင်မြောက်လှတဲ့ သိုင်း

www.burmeseclassic.com

www.burmeseclassic.com

ပညာတွေကိုလည်း သူ့ရင်နှစ်သည်းချာ သားရတနာလေးကို ဖိဖိစီးစီး သင်ကြားပို့ချပေးထားပါသတဲ့။

အဲဒီရွာနီးချုပ်စပ်က လူငယ်လူရွယ်တွေအားလုံးလိုလိုဟာလည်း သိုင်းဆရာကြီးတို့သားအဖကို ကြည်ညိုလေးစားလို့မဆုံး အားကျလို့မဆုံးနိုင်အောင် ဖြစ်ကြရတာပေါ့။ အားကျမယ်ဆိုရင်လည်း ကျစရာပဲလေ။ သိုင်းဆရာကြီး သားအဖဟာ သူတို့ရဲ့ထူးချွန်ပြောင်မြောက်တဲ့ သိုင်းစွမ်းရည်တွေ၊ ကာယဗလစွမ်းရည်တွေကို ရွာလယ်ခေါင်က ဇရပ်မှာ မကြာခဏဆိုသလို ပြပွဲကျင်းပလေ့ရှိတာကိုး။

သိုင်းဆရာကြီးသားအဖရဲ့ စွမ်းရည်ပြပွဲကို မကြာမကြာ မျက်ဝါးထင်ထင်မြင်တွေ့ခွင့်ရတဲ့ ရွာသားတွေခမျာမှာတော့ ပါးစပ်အဟောင်းသားနဲ့ အံ့ဩကြ၊ လက်ခုပ်လက်ဝါးတီးပြီး ဂုဏ်ပြုကြနဲ့ပေါ့။

တစ်ခါတုန်းကလည်း သိုင်းဆရာကြီးသားအဖဟာ ရွာလယ်ခေါင်မှာ ထူးခြားတဲ့စွမ်းရည်ပြပွဲတစ်ခု လုပ်ပါတယ်။

အဲဒါကတော့ အဖေဖြစ်သူ သိုင်းဆရာကြီးရဲ့ဗိုက်ပေါ်မှာ အုတ်နီခဲငါးလုံးကို ဆင့်ကာဆင့်ကာတင်ပြီး သားဖြစ်တဲ့သူက ဆယ်ပေါင်တူကြီးတစ်လက်နဲ့ အဲဒီအုတ်ခဲတွေကို ထုခွဲပြတဲ့ပြကွက်ပါ။

အသင့်ပြင်ဆင်ထားတဲ့ ကွပ်ပျစ်ပေါ်မှာ သိုင်းဆရာကြီးက ပက်လက်လှန်ပြီး လှဲအိပ်လိုက်တယ်။ ပြီးတော့ သူ့ရဲ့ဝမ်းဗိုက်ပေါ်ကို ပိတ်စ ခပ်ပါးပါးတစ်ထည်ခင်းလိုက်ပြီးတော့ အုတ်နီခဲငါးလုံးကို ဆင့်တင်စီထပ်ထားလိုက်သတဲ့။

"ကဲ... အဖေ... အဆင်သင့်ဖြစ်ပြီလား"

သားဖြစ်တဲ့သူရဲ့ အမေးစကားအဆုံးမှာ ဝိုင်းကြည့်နေတဲ့ရွာ





သားတွေကတော့ ရင်တမမဖြစ်သွားကြလေရဲ့။

သိုင်းဆရာကြီးက ခပ်တည်တည်ပဲ ...

"အဆင်သင့်ပဲ... သားရေ၊ ကိုင်းစရအောင်... ယိစ်"

သိုင်းဆရာကြီးက 'ယိစ်...' လို့အော်ဟစ်ပြီး မာန်သွင်းရင်း ဝမ်းဗိုက်ကြွက်သားတွေကို တောင့်ထားလိုက်တယ်။

အချိန်ကိုက်ပါပဲ။ သားဖြစ်တဲ့သူက ဆယ်ပေါင်တူကြီးကို လေထဲမှာ လွှဲမြှောက်တင်ပြီး အားရပါးရ ထုချလိုက်ပါလေရော။

"ဂွမ်း..."

"ဟာ... ဟယ်..."

အုတ်နီခဲတွေကသာ အပိုင်းပိုင်းအစစ ကြေမွလွင့်စင်သွားတယ်။ သိုင်းဆရာကြီးကတော့ ဘာဆိုဘာမှမဖြစ်ပါဘူး။ ဟာခနဲ... ဟယ်ခနဲ တအံ့တဩရေရွတ်သံတွေနဲ့အတူ လက်ခုပ်လက်ဝါးတီးပြီး တဖြောင်းဖြောင်း ဩဘာပေးလိုက်သံတွေဟာ ဆူညံသွားတယ်။

သိုင်းဆရာကြီးကတော့ အေးအေးဆေးဆေးပဲ ဖုတ်ဖက်ခါထပြီး ပရိသတ်ကို ဦးညွှတ်လိုက်တယ်။ ပြီးတော့ ရွာသားတွေကို ဩဝါဒစကားမိန့်ခွန်းခြွေတော့တာပဲ။

"အခုလို... အံ့ဩစရာကောင်းလောက်အောင် စွမ်းဆောင်နိုင်ဖို့ဆိုရင် ကာယဗလနဲ့ပြည့်စုံပြီး အားကစားလိုက်စားဖို့လိုပါတယ်။ အဲဒါကြောင့် ဟောဒီရွာသားတွေအားလုံး ကာယဗလပညာကိုလိုက်စားဖို့ အထူးပဲ တိုက်တွန်းချင်ပါတယ်။ ကာယဗလပညာဟာ လူသားတွေအတွက် ဘယ်လောက်တောင် အရေးကြီးသလဲဆိုရင်..."

သူ့ရဲ့ မဟာဩဝါဒကထာ မိန့်ခွန်းကြီးမဆုံးခင်မှာပဲ သိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးဟာ ရုတ်တရက် မျက်စိပျက်မျက်နှာပျက်ဖြစ်လာတယ်။ သူ့သားကို အနားခေါ်ပြီး လေသံခပ်တိုးတိုးနဲ့ . . .

"သား. . . မင်းပဲ ဆက်ပြီးပြောလိုက်တော့ကွာ။ အဖေ အရေးကြီးလို့ အိမ်ကို ခဏပြန်လိုက်ဦးမယ်"

ပြောပြောဆိုဆိုနဲ့ သိုင်းဆရာကြီးဟာ အိမ်ဆီကို ဒုန်းစိုင်းပြေးတော့တာပဲ။ အိမ်ရောက်တော့ ဖိနပ်တောင်မချွတ်နိုင်ဘူး။ အိမ်ရှေ့ဝရန်တာကနေ လွှားခနဲခုန်တက်ပြီး အိမ်သာထဲကို ဒိုင်ဗင်ထိုးဝင်လိုက်တော့တာပဲ။

ဝမ်းတွေသွားလိုက်တာ တဗျစ်ဗျစ်နဲ့ပေါ့။

ဗိုက်ပေါ်အုတ်ခဲတွေတင်ပြီး တူနဲ့ထုလိုက်တာ ဝမ်းဗိုက်ကြွက်သားတွေကတော့ ဘာမှမဖြစ်ဘူး။ အဲ. . . ဒါပေမယ့် ဝမ်းတွေသွားလိုက်တာကတော့ နှစ်ရက်လုံးလုံးဆိုပဲ။

သိုင်းဆရာကြီးကတော့ ဒီကိစ္စဟာ ကာယဗလစွမ်းရည်နဲ့ ဘာမှမဆိုင်ကြောင်း၊ အူနံရံတွေကြောင့်သာ ဝမ်းမခိုင်တာဖြစ်တဲ့အကြောင်း ကာကွယ်ပြောဆိုခဲ့ဖူးပါတယ်။

ပြီးတော့ အဲဒီလို အန္တရာယ်များတဲ့စွမ်းရည်ပြကွက်မျိုးပြဖို့ သားဖြစ်တဲ့သူကို လုံးဝခွင့်မပြုပါဘူး။ သူ့အဆိုအရတော့ သားဖြစ်တဲ့သူဟာ ငယ်ရွယ်လွန်းသေးတယ်။ သူ့ရဲ့သိုင်းပညာကို အကုန်အစင်မရသေးဘူး။

သူ့ရဲ့စွမ်းရည်အမြင့်မားဆုံး နောက်ဆုံးသိုင်းကွက်ကို သားဖြစ်တဲ့သူ (၁၈)နှစ်ပြည့်တဲ့နေ့ကျမှ သင်ပေးဖို့ ဆုံးဖြတ်ထားတယ်ဆိုပဲ။

ဒီအတောအတွင်းမှာတော့ သူ့သားကို ဘာအန္တရာယ်မှ မဖြစ်



စေချင်ဘူးလေ။ သူက သူ့သားကို အရမ်းချစ်တာကိုး။

●

သိပ်မကြာခင် တစ်ရက်မှာတော့ သူတို့ရွာကလေးကို ဓားပြအဖွဲ့တစ်ဖွဲ့က ဝင်ရောက်တိုက်ခိုက်ပါတော့တယ်။

ရွာသားတွေကလည်း အညံ့တော့မခံပါဘူး။ ဝါးချွန်၊ တုတ်၊ ဓား၊ ဒူးလေး. . . ရရာ လက်နက်ဆွဲကိုင်ပြီး ပြန်ခုခံကြတော့တာပဲ။ သိုင်းဆရာကြီးသားအဖကတော့ ရှေ့ဆုံးကပေါ့။ ရွာမှာ ကိုယ်ခံပညာထူးချွန်တာဆိုလို့ သူတို့ပဲရှိတာမဟုတ်လား။

နောက်ဆုံး ရွာသားတွေရဲ့ရှုပ်ရှုပ်ချွံချွံ စုစုစည်းစည်းခုခံမှုကြောင့် ဓားပြတွေပြန်ထွက်ပြေးသွားကြတယ်။ ဒါပေမယ့် ဝမ်းနည်းစရာကောင်းတဲ့အချက်ကတော့ သိုင်းဆရာကြီးရဲ့သားဖြစ်သူဟာ ဓားပြတွေရဲ့လက်ချက်နဲ့ သေဆုံးသွားရတာပါပဲ။

သိုင်းဆရာကြီးကတော့ သားဖြစ်သူရဲ့အလောင်းကို ပွေ့လို့ပိုက်လို့ ကြေကွဲဝမ်းနည်းမဆုံးဖြစ်နေတာပေါ့။

နေ့နေ့ညညဆိုသလို သားရဲ့အလောင်းစင်ဘေးမှာပဲ ထိုင်ပြီး ငိုင်တွေ ငိုကြွေးနေတာကြောင့် ရွာဦးကျောင်းဆရာတော်ကြီးက မနည်းတရားချယူရတယ်။

အလောင်းကို မြေချမယ့်နေ့မှာလည်း လွယ်လွယ်ကူကူ သင်္ဂြိုလ်ခွင့်မရဘဲ သူ့သားအလောင်းကို အတင်းဖက်ထားဆွဲထားလို့ ရွာသားတွေက အတင်းဆွဲခွာယူရသေးတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com


သူ့သားကို ဘယ်လောက်ချစ်မှန်း တစ်ရွာလုံးက သိထားကြတော့ သိုင်းဆရာကြီးကို ဘယ်သူမှ အပြစ်မတင်ပါဘူး။ သနားပဲသနားနေကြလေရဲ့။

သင်္ဂြိုလ်ပြီးတဲ့နောက်ပိုင်းမှာလည်း သိုင်းဆရာကြီးဟာ နေ့စဉ်နေ့တိုင်းလိုလို သင်္ချိုင်းကုန်းထဲသွားပြီး သူ့သားရဲ့ မြေပုံနံဘေးမှာ ငိုကြွေးရှာတယ်။

"ဖြစ်မှဖြစ်ရလေသားရယ်၊ ဖေဖေ မင်းကို သင်ပေးချင်တဲ့နောက်ဆုံးသိုင်းကွက်ကလေးကိုမှ သင်မပေးလိုက်ရလေချင်း။ သားကို အသက်ပြန်ရှင်လာအောင်လုပ်လို့ရရင် ကောင်းမှာပဲနော်။ အောင်မလေး ငါ့သားရဲ့။ အသက်ပြန်ရှင်ပြီး ဖေဖေ့ဆီကို လာခဲ့ပါတော့လား"

အဲဒီလိုတမ်းတပြီး အမြဲတမ်းလာငိုနေတာကို နတ်ရှုပ်ကလေး 'ချမ်း' က ကြားသွားပါလေရော။

နေ့တိုင်းနေ့တိုင်း (သူ့သားကို အသက်ပြန်ရှင်လာဖို့ချည်းပဲ) တမ်းတနေတဲ့ သိုင်းဆရာအဖိုးအိုကို သနားသွားတယ်။

ဒါနဲ့ . . .

"သနားပါတယ်၊ ဒီအဖိုးအိုမှာ သားထောက်သမီးခံလည်းရှိတာမဟုတ်ဘူး၊ ငါပဲ သူ့သားအဖြစ်နဲ့ ဒီအဖိုးအိုကို လုပ်ကျွေးစောင့်ရှောက်ပါတော့မယ်လေ" လို့ ဆုံးဖြတ်ချက်ချလိုက်လေရဲ့။

နောက်တော့ နတ်ရှုပ်ကလေးချမ်းဟာ သိုင်းဆရာအဖိုးအိုဘယ်မှာနေသလဲဆိုတာကို တိတ်တဆိတ်လိုက်လံချောင်းမြောင်းပြီး မှတ်သားထားလိုက်တယ်။

ပြီးတော့ အဲဒီညမှာပဲ သင်္ချိုင်းကုန်းကိုသွား၊ သားဖြစ်သူရဲ့



အလောင်းကိုတူးဖော်ပြီး သူ့ရဲ့ တန်ဖိုးကြွဒ္ဒိပါဒ်နဲ့ သားဖြစ်သူရဲ့ခန္ဓာကိုယ်ထဲကို ဝင်လိုက်တယ်။

ဒီလိုနဲ့ သားဖြစ်သူ အသက်ပြန်ရှင်လာသယောင်ပုံစံမျိုး ရွာထဲကို လမ်းလျှောက်ဝင်သွားပြီး သိုင်းဆရာအဖိုးအိုရဲ့ အိမ်တံခါးကို ခေါက်ပါလေရော။

"ဒေါက် . . . ဒေါက် . . . ဒေါက်"

"ဟေ့ . . . ဘယ်သူလဲ"

အဖိုးအိုက ပြောပြောဆိုဆိုနဲ့ တံခါးကိုဖွင့်လိုက်တော့ ချမ်းက . . .

"သားပါ . . . အဖေ . . . သား အသက်ပြန်ရှင်ပြီး သင်္ချိုင်းကုန်းက ထလာတာပါ"

"ဘာ . . . အောင်မလေး . . . ကယ်တော်မူကြပါဦးဗျ"

သူ့သားကို ပြန်တွေ့လိုက်ရရင် သိုင်းဆရာကြီးဟာ ဝမ်းသာအားရ ကြိုဆိုရှာမှာပဲလို့ ထင်ထားတဲ့ ချမ်းရဲ့အတွေးဟာ တက်တက်စင်အောင် လွဲမှားသွားပါတယ်။

သိုင်းဆရာကြီးဟာ သူ့သားကိုကြည့်ပြီး ကြောက်လန့်တကြားနဲ့ ဆောက်တည်ရာမရ ပြေးလွှားရင်း . . .

"ထွက်သွား . . . မင်း . . . ထွက်သွား . . . အောင်မလေး . . . ကြောက်ပါပြီဗျ၊ ကယ်တော်မူကြပါဦး အရပ်ကတို့"

သိုင်းဆရာအဖိုးအိုက ဓားတဝင့်ဝင့်၊ တုတ်တယမ်းယမ်းနဲ့ ပစ်ပေါက်ခြောက်လှန့်ရင်း နှင်ထုတ်နေပါတယ်။

ချမ်းကတော့ နားမလည်နိုင်အောင်ဖြစ်နေလေရဲ့။



www.burmeseclassic.com

www.burmeseclassic.com


"ဟင်. . . သူပဲ အသက်ပြန်ရှင်လှစေချင်ရဲ့ဆိုပြီး တကယ်ပြန်ရှင်လာပြန်တော့လည်း နှင်ထုတ်နေပါရောလား။ လူတွေဟာ ဘယ့်နှယ်ပါလိမ့်" လို့ တွေးရင်း (သိုင်းဆရာကြီးရဲ့ အော်ဟစ်အကူအညီတောင်းသံကြောင့် ရွာသားတွေဝိုင်းမလာခင်) အမြန်ဆုံး လစ်ပြေးပါလေရောတဲ့။

ကျွန်တော်လည်း စဉ်းစားနေပါတယ်။

"ချစ်တယ်. . ." ဆိုတာ ဘယ်လိုဟာမျိုးလဲဟင်။ ခင်ဗျားချစ်တဲ့သူတစ်ယောက်သာ အခုနေ သင်္ချိုင်းက ထလာမယ်ဆိုရင် ခင်ဗျားတို့လက်ခံထားနိုင်ပါ့မလား. . .။


■



အကယ်၍သာ ၂၆


www.burmeseclassic.com

www.burmeseclassic.com



# မင်းခိုက်စိုးစန်

## အကယ်၍သာ



www.burmeseclassic.com

www.burmeseclassic.com

အကယ်၍သာ . . .

သင် ယခုရရှိနေတဲ့ လူ့ဘ၀ထက် ပိုသာယာတဲ့ ပိုပြည့်စုံတဲ့ လောကတစ်ခုဟာ ဒီကမ္ဘာမြေရဲ့ အခြားတစ်နေရာရာမှာ ရှိနေသေးတယ်ဆိုပါစို့။

သင့် လက်ရှိဘ၀ကို ဘယ်လိုဆုံးဖြတ်မလဲ။

မသိမမြင်သေးတဲ့ တစ်နေရာကို ရှာဖွေဖို့ ခရီးထွက်နေရင်းနဲ့ ကုန်ဆုံးစေမှာလား။

ဒါမှမဟုတ် ကိုယ့်လက်ရှိအခြေအနေလေးကိုပဲ အနေပျော်ဆုံးဖြစ်အောင် ဖန်တီးနေထိုင်မှာလား။

(ဒါနဲ့တင်မပြီးသေးပါဘူး။ နောက်ဆက်တွဲ မေးခွန်းတစ်ခုမေးပါရစေဦး)။





'နေပျော်တယ်' ဆိုတဲ့ ဘ၀အဓိပ္ပါယ်ကကော ဘာကိုဆိုလိုတာလဲ။

●


www.burmeseclassic.com

www.burmeseclassic.com

(၁)

တစ်ခါတုန်းက ရွာတစ်ရွာမှာ အလွန်ခင်မင်ရင်းနှီးတဲ့သူငယ်ချင်းသုံးယောက် အတူတကွနေထိုင်ကြသတဲ့။ သူတို့ရဲ့ရွာလေးက သဲကန္တာရတစ်ခုရဲ့ အစွန်အဖျားမှာရှိလို့ အရမ်းဝေးလံခေါင်သီပြီး စားနပ်ရိက္ခာလည်းအင်မတန်ရှားပါးသတဲ့။

သူတို့သုံးယောက်ရဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေကလည်း တစ်ယောက်တစ်မျိုးစီပါပဲ။ တစ်ယောက်က သဲကန္တာရထဲမှာ ရေသန့်ဘူးတွေလိုက်ပို့တဲ့ အလုပ်လုပ်တယ်။ ဒုတိယတစ်ယောက်ကတော့ သူ့အဖိုးလက်ထက်က အမွေပေးထားခဲ့တဲ့ လယ်ထွန်စက်အိုကြီးတစ်စင်းနဲ့ သဲကန္တာရထဲမှာ တက္ကစီမောင်းလေရဲ့။

နောက်ဆုံးတစ်ယောက်ကတော့ ရွာထဲမှာ ဓာတ်ဆီဆိုင် ဖွင့်တယ်ဆိုပဲ။ သူတို့ဟာနဲ့သူတို့ကတော့ အဆင်ပြေကြမယ်ထင်ပါရဲ့။





ဒါပေမယ့် လောကဓံဆိုတာ အမြဲတမ်း တစ်သမတ်တည်း ဖြောင့်စင်းနေတတ်တာမှမဟုတ်တာ။

တစ်နေ့တော့ သူတို့ရဲ့ရွာကလေးဆီကို ကံကြမ္မာဆိုး အန္တရာယ်တစ်ခု ပြုန်းကနဲကျရောက်လာလေရဲ့။ အဲဒီအန္တရာယ်က တခြားတော့ မဟုတ်ပါဘူး။

အင်မတန်ဆိုးသွမ်းတဲ့ ဆင်ရိုင်းအုပ်တစ်အုပ်ဟာ သူတို့ရွာထဲကို ညဘက်ကြီး ရုတ်တရက် ဝင်ရောက်လာပြီး မြင်မြင်သမျှကို တိုက်ခိုက်နင်းချေဖျက်ဆီးသွားတာပါပဲ။ ရွာသားတွေခမျာလည်း ဆင်နင်းခံရလို့ သေသူသေကြ၊ မမြင်မစမ်း ပြေးရင်းလွှားရင်း ကျိုးသူကျိုး၊ ကန်းသူကန်းကြနဲ့ပေါ့။ တဲအိမ်တွေဆိုရင်လည်း အကောင်သုံးဆယ်လောက်ရှိမယ့် ဆင်ရိုင်းအုပ်ရဲ့ ခြေထောက်အောက်မှာ ပြားပြားဝပ်လဲပြိုကုန်ကြတာပေါ့လေ။

ရွာလုံးကျွတ် ပျက်စီးသွားတဲ့ ကြမ္မာည တစ်ညပါပဲ။

(တကယ်ဆိုရင် 'ဆင်' ဆိုတဲ့ သတ္တဝါဟာ သဲကန္တာရထဲမှာတော့ ဘယ်နေပါ့မလဲ။ ဒါပေမယ့် အခုပြောနေတာက ပုံပြင်ပဲလေ။ ထားလိုက်ပါ။ ဖြစ်တယ်မဟုတ်လား။)

နောက်တစ်နေ့မနက်မှာတော့ တက္ကစီဒရိုင်ဘာရယ်၊ ရေသန့်ရောင်းသူရယ်၊ ဓာတ်ဆီဆိုင်ပိုင်ရှင်ရယ် သုံးဦးသားဟာ ရွာထိပ်ကဇရပ်မှာထိုင်ပြီး စိတ်လက်မချမ်းသာနဲ့ စကားဝိုင်းဖွဲ့ဖြစ်ကြတယ်။

"ငါတို့ရဲ့ဘဝကို ဟောဒီလို ရွာသိမ်ရွာငယ်လေးတစ်ခုမှာပဲ နေထိုင်ကြီးပြင်းရင်း အဆုံးသတ်ရတော့မှာလား"

တက္ကစီဒရိုင်ဘာက အဲဒီလို စကားစလိုက်တယ်ဆိုရင်ပဲ ဓာတ်



www.burmeseclassic.com

www.burmeseclassic.com

ဆီဆိုင်ပိုင်ရှင်က . . .

"ဘိုးဘွားစဉ်ဆက် နေသားတကျဖြစ်နေလို့သာ ငါလည်း ဒီရွာမှာ နေနေရတာ၊ တကယ်တော့ ဒီရွာဟာ စားစရာကရှားပါး၊ သောက်စရာရေဆိုလည်း ခက်ခဲ၊ ဒီကြားထဲ ရာသီဥတုက ဆိုးဝါးပြီး တောရိုင်းတိရစ္ဆာန်တွေရဲ့အန္တရာယ်ကိုလည်း စိုးရိမ်ရသေးတယ်"

ရေသန့်ရောင်းသူကတော့ မျက်စိတဆုံး မိုးကုတ်စက်ဝိုင်းနဲ့ မဆန့်အောင် ကျယ်ပြန့်လှတဲ့ သဲကန္တာရကြီးကို လှမ်းမျှော်ကြည့်လိုက်ရင်း . . .

"စာထဲပေထဲမှာ ဖတ်ရှုရတာကတော့ ဟောဒီ သဲကန္တာရကြီးကို လွန်မြောက်အောင် ဟိုဘက်အထိ သွားနိုင်မယ်ဆိုရင် အင်မတန်သာယာဝပြောပြီး စားရေးရိက္ခာပေါများတဲ့ အရပ်ဒေသတစ်ခုကို တွေ့ရလိမ့်မယ်ဆိုပဲ"

"ဒါဆိုရင် သဲကန္တာရကြီးကိုကျော်ဖြတ်ပြီး ပိုကောင်းမယ့်နေရာသစ်တစ်ခုကို ရှာဖွေဖို့ ငါတို့ ခရီးထွက်ရအောင်"

"ဖြစ်ပါ့မလား၊ ဟောဒီ သဲကန္တာရကြီးက ဘယ်လောက်အထိ ကျယ်သလဲဆိုတာ ငါတို့ မှန်းဆနိုင်တာမှမဟုတ်တာ။ ပြီးတော့ သာယာတဲ့နယ်မြေသစ်က မြောက်အရပ်မှာလား၊ တောင်အရပ်မှာလား သိရအောင် ငါတို့မှာ မြေပုံတွေဘာတွေလည်း ရှိတာမဟုတ်ဘူးလေ"

"ဒါဖြင့်ရင်ကော ငါတို့က ဟောဒီရွာလေးကနေ တစ်ဖဝါးမှ မခွာရဲဘဲ ဒီလိုဘဝမျိုးနဲ့ပဲ တစ်သက်လုံး နေကြ၊ သေကြရတော့မှာလား"

"ဘာပဲဖြစ်ဖြစ် ငါတို့ စွန့်စားကြည့်ကြရအောင်ကွာ"

တက္ကစီ ဒရိုင်ဘာရဲ့ တိုက်တွန်းစကားအဆုံးသတ်မှာ သူတို့





အားလုံးဟာ အတူတကွ ခရီးထွက်ကြဖို့ သဘောတူဆုံးဖြတ်လိုက်တော့တယ်။

သွားဖို့လာဖို့ကတော့ တက္ကစီ ဒရိုင်ဘာရဲ့ လယ်ထွန်စက်အိုကြီးကိုပဲ အားကိုးရမှာပဲ။ ဓာတ်ဆီဆိုင်ပိုင်ရှင်ကလည်း လယ်ထွန်စက်မောင်းဖို့ ဓာတ်ဆီကို အလုံအလောက်သယ်လာဖို့ သူတာဝန်ယူတယ်လို့ ဆိုတယ်။ ရေသန့်ရောင်းတဲ့သူကလည်း လမ်းခရီးတစ်လျှောက်လုံး သောက်သုံးရေမပြတ်သွားရအောင် ရေသန့်ဘူးတွေအများကြီး သယ်လာမယ်လို့ ကတိပြုတယ်။

ဒါနဲ့ပဲ သူတို့သုံးယောက် သဲကန္တာရကိုဖြတ်ကျော်ဖို့ ခရီးစခဲ့ကြပါလေရော. . .။



www.burmeseclassic.com

www.burmeseclassic.com

(၂)

လယ်ထွန်စက်အိုကြီးကို တက္ကစီ ဒရိုင်ဘာက မောင်းလို့။ နောက်တွဲယာဉ်ပေါ်မှာတော့ ဓာတ်ဆီပုံးတွေ၊ ရေသန့်ဘူးတွေရဲ့ အလယ်မှာ ကျန်တဲ့သူငယ်ချင်းနှစ်ယောက်က ထိုင်လို့ပေါ့။

ပူပြင်းတဲ့နေရောင်အောက်။

တံလျှပ်တွေ တဖျပ်ဖျပ်ထနေတဲ့ သဲကန္တာရအလယ်မှာ ခရီးကြမ်းတစ်ခုကို သူတို့ စခဲ့ကြတယ်။





(၃)

သဲကန္တာရရောက်ခါမှ ဗြုန်းဆို ကားက ရေဆူပြီး မောင်းလို့မရဖြစ်ပါလေရော။ ကားရေတိုင်ကီကိုဖွင့်ကြည့်လိုက်တော့ ရေက မရှိတော့ဘူး။ ဒါနဲ့ ရေသန့်ဘူးထဲကရေတွေနဲ့ ပြန်ဖြည့်ရတော့တယ်။ သူတို့အတွက် ငါးရက်စာလောက် သောက်ရမယ့်သောက်ရေဟာ ကားထဲကို ဖြည့်ရတာနဲ့ပဲ ကုန်ပါလေရော။

ဒါနဲ့တင်မပြီးသေးဘူး။ ညဘက်ကျတော့ အန္တရာယ်က ရှိသေးတယ်။

ကန္တာရ လွင်ပြင်ကွင်းခေါင်မှာ ညအိပ်စခန်းချဖို့လုပ်နေတုန်း ဆင်ရိုင်းအုပ်က ရုတ်တရက် ရောက်ချလာပါလေရော။

ဆင်ဆိုတာက အကောင်ကြီးသလောက် သိပ်ပြီး ခြေသံလုံတဲ့ကောင်တွေ။ မနီးမဝေးရောက်တော့မှ ဘွားခနဲမည်းမည်းအကောင်ကြီး



www.burmeseclassic.com

www.burmeseclassic.com

ကို မြင်လိုက်ရတာ သိပ်ပြီး ကြောက်ဖို့ကောင်းတယ်။

ပြီးတော့ ဆင်ဟာ သိပ်ကို အပြေးသန်တဲ့ကောင်တွေ။ အိုလံပစ်အပြေးသမားတစ်ယောက်ရဲ့ စံချိန်ထက် ပိုပြီးမြန်အောင် ပြေးနိုင်တယ်လေ။ ဒါကြောင့် ကွင်းခေါင်ခေါင်မြေပြန့်မှာဆိုရင်တော့သူ့အန္တရာယ်က လွတ်အောင် ပြေးဖို့မဖြစ်နိုင်သလောက်ပဲ။

"ဆင်ရိုင်းအုပ်ကြီး လာနေပြီဟေ့"

ကင်းစောင့်ကျတဲ့ ရေသန့်ရောင်းသူက လရောင်ဝိုးတဝါးအောက်မှာ အန္တရာယ်ကို လှမ်းမြင်လို့ အော်ဟစ်သတိပေးလိုက်တယ်ဆိုရင်ပဲ ဒရိုင်ဘာနှင့် ဓါတ်ဆီရောင်းသူဟာ ကမန်းကတမ်း အိပ်ယာကထပြီး သူတို့ရဲ့ လယ်ထွန်စက်ပတ်ပတ်လည်မှာ မီးပုံတွေဖိုတော့တယ်။

ဒါမှ ဆင်တွေ မီးရောင်ကိုကြောက်ပြီး အနားမကပ်ရဲမှာကိုး။ ကားပေါ်မှာ သူတို့သယ်လာသမျှ ဓါတ်ဆီပုံးတွေကို သွန်သွန်ချပြီး မီးတောက်ကို အဆက်မပြတ်အောင် ဖိုထားရတယ်။

သူတို့ပတ်ပတ်လည်ကို မီးတောက်တွေနဲ့ စည်းဝိုင်းတားထားသလို ဖြစ်နေတာပေါ့လေ။ ဆင်တွေက မီးဟပ်မှာကြောက်လို့ သူတို့ရှိရာဆီ ဝင်မလာရဲပေမယ့် ဝေးရာကိုတော့ ရှောင်ကွင်းမသွားကြဘူး။ အနီးအနားမှာပဲ ပေကပ်ပြီးစောင့်နေကြတယ်။ တစ်ညလုံးနီးပါးပဲဆိုပါတော့။

ဒီကြားထဲ မီးတောက်မီးညွန့်တွေက လေအတိုက်မှာ ကားဆီကို ပြန်ပြန်ဟပ်နေလို့ ရေသန့်ဘူးထဲကရေတွေနဲ့ ဖျန်းဖျန်းပြီး ငြိမ်းရသတ်ရသေးတယ်။

အာရုဏ်တက်ခါနီးတော့မှပဲ ဆင်တွေဟာ နောက်ကြောင်းပြန်





လှည့် သွားကြလို့ သူတို့သုံးဦးစလုံး ဟင်းကနဲ. . . သက်ပြင်းချနိုင်လေရဲ့။

မိုးစင်စင်လင်းလို့ကြည့်လိုက်တော့ သူတို့မှာ ပါသမျှဓါတ်ဆီတွေ အားလုံးလည်း ကုန်နေပြီ။ သောက်စရာရေလည်း တစ်စက်မှမရှိတော့ဘူး။

အဲဒီမှာတင် ရေသန့်ရောင်းတဲ့သူက . . .

"ငါတို့ နယ်မြေသစ်ရှာဖို့ ခရီးထွက်လာတာ မှားတယ်ကွ၊ တကယ်တော့ ဘဝဆိုတာ ကိုယ်ရောက်နေဖြစ်နေတဲ့ ပတ်ဝန်းကျင်နဲ့ အခြေအနေပေါ်မူတည်ပြီး အကောင်းဆုံးဖြစ်အောင် ရှင်သန်နေထိုင်ဖို့ပဲ။ ဒါကြောင့် ငါ. . . အရင်ကနေခဲ့တဲ့ရွာကို ပြန်တော့မယ်။ ကိုယ့်ရဲ့ စိတ်အလိုမကျမှုတွေကို အတတ်နိုင်ဆုံး လျှော့ချပစ်ပြီး အရှိကိုအရှိတိုင်း ရင်ဆိုင်နိုင်အောင် ကြိုးစားတော့မယ်ကွာ. . .။

သူ့စကားကို ကျန်တဲ့သူနှစ်ယောက်က မကန့်ကွက်ကြပါဘူး။ ဒါပေမယ့် သူတို့နဲ့ လမ်းခွဲသွားတော့မယ့် သူငယ်ချင်းတစ်ယောက်ကို နှမြော ကြေကွဲစွာနဲ့ ငေးစိုက်ကြည့်နေကြလေရဲ့။

ရေသန့်ရောင်းသူကတော့ သူတို့ကိုကျောခိုင်းပြီး လေးကန်တဲ့ အိမ်အပြန်ခြေလှမ်းတွေနဲ့ လှည့်ထွက်သွားပါတော့တယ်။

●



www.burmeseclassic.com

www.burmeseclassic.com

(၄)

ကျန်တဲ့နှစ်ယောက်ကတော့ ကန္တာရအလွန်မှာရှိတယ်ဆိုတဲ့ သုခ ဘုံကို မတွေ့တွေ့အောင် ဆက်ပြီးရှာဖွေဖို့ ဆုံးဖြတ်လိုက်ကြတယ်။

ရေကငတ်၊ အာခေါင်ကခြောက် နေအပူဒဏ်ကြောင့် နုံးခွေနေ ပေမယ့် သူတို့ရဲ့ခြေလှမ်းတွေကတော့ ရပ်တန့်မသွားကြဘူး။ ရှေ့ကိုပဲ ဇွဲနဲ့ ဆက်လျှောက်နေကြဆဲပါပဲ။

ဆင်းရဲဒုက္ခတွေ၊ အခက်အခဲတွေအမျိုးမျိုးကို သေလုခမန်း ကျော်ဖြတ်ခဲ့ပြီးတဲ့ နောက်တစ်နေ့မှာတော့ . . .

"ဟေး. . . တွေ့ပြီကွ. . ."

"ရောက်ပြီဟေ့"

သူတို့ တွေ့ချင်ရောက်ချင်နေတဲ့ သုခဘုံကို ဘွားခနဲတွေ့မြင် လိုက် ရတယ်ဆိုရင်ပဲ ဝမ်းသာအားရ အော်ဟစ်ပြီး ပြိုင်တူပြေးသွားလိုက်





ကြတယ်။

တကယ်ပဲ လာရကျိုးနပ်လောက်အောင် သုခဘုံလို့ခေါ်ထိုက် တဲ့နေရာပါ။ ကြည်လင်အေးမြတဲ့စမ်းချောင်းတွေ၊ စိမ်းစိုသာယာလှပတဲ့ တောအုပ်တွေ၊ ကျေးငှက်နဲ့ သမင်၊ ဒရယ်တွေ ပျော်ပါးမြူးတူးနေကြလေ ရဲ့။

သူတို့သူငယ်ချင်းနှစ်ယောက်စလုံး စမ်းချောင်းထဲကရေကို အငမ်းမရသောက်ပြီး တစ်ဝကြီး ရေချိုးပစ်လိုက်ကြတယ်။ လန်းဆန်း ပြီး အားအင်တွေပြည့်ဖြိုးသွားတာပဲ။ ချိုမြတဲ့သစ်သီးတွေကလည်း အလျှံ ပယ်ဆိုတော့ ဗိုက်ဝအောင်စားသောက်ပြီး အနားယူအိပ်စက်လိုက်ကြ တော့တယ်။

အိပ်ယာကနိုးလာချိန်မှာ ခရီးသွားဖို့ပြင်ဆင်နေတဲ့ တက္ကစီ ဒရိုင်ဘာကို တွေ့လိုက်ရတော့ ဓါတ်ဆီဆိုင်ပိုင်ရှင်က အံ့သြတကြီးနဲ့. . .

"မင်းက ဘယ်ကို ဆက်သွားဦးမလို့လဲ၊ အခု ငါတို့ရဲ့ခရီးပန်း တိုင်ကို ရောက်နေပြီပဲဥစ္စာ"

တက္ကစီဒရိုင်ဘာက ခေါင်းကိုခါရမ်းလိုက်ပြီး . . .

"ငါ ကန္တာရထဲကို ပြန်သွားဦးမယ်သူငယ်ချင်း၊ ငါတို့လိုပဲ ဟောဒီ သုခဘုံကို လာချင်တဲ့သူတွေ ကန္တာရထဲမှာ လမ်းပျောက်နေမှာ စိုးတယ်၊ သူတို့ကိုလမ်းပြဖို့ ငါ ပြန်သွားရဦးမယ်သူငယ်ချင်း"

"ဘာ. . . မင်းရူးနေသလား၊ သူများကို ဒီနေရာရောက်အောင် လမ်းပြဖို့ မင်းကိုယ်တိုင် ကန္တာရထဲမှာ တစ်သက်လုံး ဒုက္ခခံနေတော့မှာ လား"

"မင်းအပြစ်တင်ချင်ရင်လည်း တင်တော့ သူငယ်ချင်း၊ ငါက



www.burmeseclassic.com

www.burmeseclassic.com

တော့ ငါ့ဆုံးဖြတ်ချက်ကို မပြင်တော့ဘူး၊ သွားပြီ. . . သူငယ်ချင်း"

တက္ကစီဒရိုင်ဘာဟာ ခိုင်မာတဲ့ခြေလှမ်းတွေနဲ့ ကန္တာရဆီကို ဦးတည်လှမ်းထွက်သွားပါတော့တယ်။

●





(၅)

သူတို့တစ်ယောက်ချင်းစီရဲ့ဘဝတွေဟာ အဆင်ပြေနေကြပါတယ်။

ရေသန့်ရောင်းတဲ့သူကလည်း သူမွေးဇာတိရပ်ရွာလေးမှာ အရင် လိုပဲ နေထိုင်လုပ်ကိုင်စားသောက်ရင်း အဆင်ပြေနေပါတယ်။

ဓါတ်ဆီဆိုင်ပိုင်ရှင်ကလည်း အင်မတန်သာယာတဲ့နေရာမှာ စား လိုက်သောက်လိုက်နဲ့ လိုလေသေးမရှိဖြစ်နေလေရဲ့။

တက္ကစီဒရိုင်ဘာကလည်း သူအင်မတန်လုပ်ချင်တဲ့ သူတစ်ပါး အကျိုးဆောင် လမ်းပြအလုပ်ကို လုပ်နေရတာပဲလေ။

ဒါပေမယ့် သူတို့သုံးယောက်စလုံး မပျော်ရွှင်ကြဘူး။

ရေသန့်ရောင်းသူရဲ့စိတ်ထဲမှာ ဘယ်လိုတွေးနေသလဲဆို တော့. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟိုကောင်နှစ်ကောင်ဟာ တော်တော်မိုက်မဲတဲ့သူတွေပဲ။ ကိုယ့်ဘဝကို ရောင့်ရဲတင်းတိမ်နိုင်စွမ်းမရှိကြဘူး။ ရောင့်ရဲမှုမရှိရင် သုခဆိုတာ ဘယ်တော့မှ ရှာဖွေလို့ဆုံးတော့မှာမှ မဟုတ်တာ. . . လူမိုက်တွေ. . . လူမိုက်တွေ. . ."

ဓါတ်ဆီဆိုင်ပိုင်ရှင်ကလည်း ရေသန့်ရောင်းတဲ့ကောင်က တော်တော်သတ္တိကြောင်တဲ့ကောင်၊ နွားခြေရာခွက်ထဲက ဖားသူငယ်လိုပဲ။ ကိုယ့်ဘဝလေးနဲ့ကိုယ့်ကိုယ်ကို ပျော်နေတယ်။ ဒရိုင်ဘာဆိုတဲ့ကောင်ကလည်း အရူးသက်သက်ပဲ။ သူ့ကိုယ်သူ လူစွမ်းကောင်းလို့ထင်နေတယ်။ ဘဝ ဆိုတာ လှုပ်ရှားရမယ့်အချိန်ရှိသလို ရပ်တန့်ရမယ့်အချိန်ကိုလည်း သိဖို့လိုတယ်။ အဲဒီနှစ်ကောင်စလုံးဟာ အသိဉာဏ်နဲ့သတ္တိကို ဘယ်မှာသုံးရမလဲဆိုတာ မသိတဲ့ကောင်တွေပဲ။

တက္ကစီဒရိုင်ဘာကတော့ ဟိုနှစ်ကောင်စလုံးဟာ ကိုယ်ကျိုးအတ္တသမားတွေသက်သက်ပဲ။ တစ်ယောက်ကလည်း ရှိရင်းစွဲအခြေအနေလေးကို မစွန့်ရဲဘူး။ နောက်တစ်ယောက်ကလည်း သာယာတဲ့သုခဘုံကိုပဲ တပ်မက်ခုံမင်ပြီး လောဘတက်နေတယ်။ ငါ့လိုကိုယ်ကျိုးစွန့်တဲ့ ကယ်တင်ရှင်သာမရှိရင် လောကကြီးဟာ ခက်တော့မှာပဲ။ ကျန်တဲ့ကောင်တွေက ငါ့လို မမြင့်မြတ်နိုင်ကြဘူးကိုး။ အလကားကောင်တွေ. . .

လို့ ရေရွတ်သတဲ့။

ဟုတ်တယ်. . .။

သူတို့အားလုံးဟာ ကိုယ့်ဘဝနဲ့ကိုယ် ပျော်ရွှင်နိုင်ပါလျက်နဲ့ မပျော် ကြဘူးဖြစ်နေတယ်။ ဘာဖြစ်လို့လဲဆိုတော့ . . .

"တခြားသူတွေဟာ ငါ့လို ဘာလို့မတွေးကြသလဲ၊ ငါ့လို ဘာလို့မလုပ်ကြသလဲ"

အစွဲနဲ့ လူတွေအားလုံးကို တရားစီရင်ဖို့ ကြိုးစားနေလို့ပါ။

နေပျော်တဲ့ဘဝဆိုတာ သူ့နည်းနဲ့သူတွေး ကိုယ့်နည်းနဲ့ကိုယ်တွေးပြီး စိတ်ရှင်းရှင်း လုပ်ကိုင်နေထိုင်ရတဲ့ ဘဝပါပဲ. . .။

**မင်းခိုက်စိုးစန်**





BURMESE CLASSIC .com
www.burmeseclassic.com